မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၇)

ပဋိရူပဒေသဝါသော စ ပုဗ္ဗေ စ ကတပုညတာ အတ္တသမ္မာပဏိဓိ စ ဧတံ မင်္ဂလမုတ္တမံ

သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

(၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သက်တမ်း နှစ် ၂၆၀၀ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းတို့ဖြင့် ရွှေရောင်တဝင်းဝင်းဖူးမြင်ရ အထက်ပစ္စယာအရံစေတီ ၆၈ ဆူ မျက်ပါးရွှေသင်္ကန်းများကပ်လှူ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မဟာသက္ကရာဇ် ၁၀၃ခုနှစ် (ဘီစီ-၆၀၀ခန့်)တွင် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သတ္တသတ္တာဟ ခုနစ်ဌာနသို့ လှည့်လည်စံမြန်းတော်မူစဉ် ဥက္ကလာပတိုင်းမှ တဖုဿနှင့် ဘလ္လိက အမည်ရှိ ကုန်သည်ညီနောင်တို့က ပျားမုန့်ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ဘုရားရှင်ကိုယ်တိုင် ပေးသနားတော်မူသော ဆံတော်မြတ် ရှစ်ဆူကို ပင့်ဆောင်လျက် ဥက္ကလာပတိုင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဥက္ကလာပမင်းကြီး အမှူးပြုသော ဥက္ကလာပတိုင်းသားများသည် ရှေးယခင် ပွင့်တော်မူပြီးသော ကကုသန္ဓဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂမန ဘုရား၏ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်သင်္ကန်းတော်တို့နှင့် ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်ဆူကို ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၉၀မြင့်သော သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာ၍ ဉာဏ်တော်အမြင့် ၄၄တောင်(၆၆ပေ)ရှိသော ရွှေတိဂုံစေတီတော်ကို တည်ထားပူဇော်ခဲ့သည်။ ပွင့်တော်မူပြီးသော ဗုဒ္ဓဘုရားလေးဆူတို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်ရာ စေတီဖြစ်သောကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဟု ဘွဲ့အမည်ရသည်။

တိုးချဲ့တည်ဆောက်

ခရစ်တော်မပေါ်မီ ခြောက်ရာစု (ဘီစီ-၆၀၀)ခန့်မှ ခရစ်နှစ် ၁၄ရာစုအထိ ရွှေတိဂုံစေတီတော်ကို ဥက္ကလာပမင်း ၃၂ဆက်တို့ကလည်းကောင်း၊ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ "ခုနစ်ရက်သားသမီး" သစ်သားတန်ဆောင်းတော်ကြီး အတွင်းပိုင်း ပျက်စီး ယိုယွင်းနေမှုများကို မူလပုံစံမပျက် ဤသို့ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိသည်။ (မြန်မာ့အလင်း)

လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေပေးအပ်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် နံနက်၉နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် တပ်နယ်ဆေးရုံများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁၉၈၈ခုနှစ်နောက်ပိုင်း၌ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် စပါးတစ်ဧက ပျမ်းမျှတင်း၁၅၀မှ ၂၈၀အထိ ထွက်ရှိနေသည်ကို တွေ့ရှိရ၍ ဒေသခံတောင်သူများသည် ဝင်ငွေများစွာ ရရှိနေပြီဖြစ်ကြောင်း၊ ***စာမျက်နှာ ၉ ကော်လံ ၁*** ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူရှင်များဖြစ်ကြသည့် ဦးမြ-ဒေါ်ကြူ၊ သားသမီး မြေးတစ်စုက လှူဒါန်းငွေကျပ် ၅၂၈ သိန်းကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်

နိုင်ငံတော်က လျှပ်စစ်ကဏ္ဍကို ပိုမိုကျယ်ပြန့်စွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကြီးများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကြီးများတွင် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတို့လည်း ပါဝင်ပေသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို စစ်ကိုင်းတိုင်း ကလေးမြို့နယ် ဆည်တောရွာအနီး မဏိပူရမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကျောက်ဖြည့်မြေသားတမံ ဖြစ်သည်။ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက ၅၀၀၀၀ကို ဆည်ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ရေအားလျှပ်စစ် ၁၉၀၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မည် ဖြစ်သည်။

အလားတူ တည်ဆောက်ဆဲဖြစ်သည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နေရဉ္စရာချောင်းပေါ်၌ တည်ဆောက်ထားသည့် မြေသားတမံဖြစ်သည်။ ရေအားလျှပ်စစ် ၂၁ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်ပြီး လယ်မြေဧက ၆၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ရေလှောင်တမံများကို စိုက်ပျိုးရေအပြင် ရေအားလျှပ်စစ်ပါ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများက သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က ဆည်တမံများနှင့် တွဲဖက်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ နိုင်ငံတစ်ဝန်း တိုးမြှင့်ဖော်ဆောင် ပေးလျက်ရှိရာ စီမံကိန်းများ စံချိန်စံညွှန်းမီမီ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး ကြိုးပမ်းတည်ဆောက်နိုင်သည်နှင့်အမျှ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် C-2 စိမ်းလဲ့ရိပ်သာ တက္ကသိုလ်ရိပ်သာလမ်းသစ်ဗဟန်းမြို့နယ်နေ ဒေါ်အုန်းပွင့် (Lucky-One)(၇၃)နှစ်ပြည့်မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးအေးကိုနှင့်ဦးထွန်းတို့က လက်ခံယူသည်။(အောက်ပုံ)(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀ ၆။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ရူပဗေဒ)
၄:၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း-၄၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၅)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်/ဆက်ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်ပြသ၊ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ နယ်လှည့်

စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အမှတ် ၄၀ ရပ်ကွက်ရှိ အလက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာမဒေါ်မြမြလှိုင်က မြန်မာ့ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးမှူး ဒေါ်လှလှဌေးက စာဖတ်ခြင်းအကျိုး ကျေး ဇူးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ပြသထားသော နံရံကပ်စာစောင်များကို တက်ရောက်လာသူ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသူလေးများက တက်ရောက်လေ့လာခဲ့ကြသည်။(ဝဲပုံ)

အလားတူ အမှတ်၄၆ရပ်ကွက် အလက(၂)ကျောင်း၌လည်း နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် က ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဖေဖော်ဝါရီ၇ရက်က (၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗိုလ်မှူးမြင့်လွင်(ငြိမ်း)အားရည်စူး၍ဒေါ်တင်မြမိသားစု-၅(က)မင်္ဂလာလမ်း နို့သာကုန်းရပ်ကွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မောင်ဝင်းလက်ခံယူစဉ်။ (က-ပ)

ဆကာကြီးအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဆကာကြီးအသင်း(ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၉ရက် နံနက်၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခဝါသမ္မေရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် ဆကာကြီးနယ်သူနယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)ပြည့်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီးနယ်သူနယ်သားများ၏ အထောက်အထားမိတ္တူများနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဆကာကြီးနယ်သူနယ်သားများ၏ သားသမီးများ၏ အမှတ်စာရင်းများကို မတ်၃ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် အလှူငွေများကို ဦးအောင်ကြည် ဖုန်း-၂၉၁၁၆၉၊ ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၊ ဦးခွေးလေး ဖုန်း-၂၂၂၅၆၁၊ ဦးအေးကြူ (ဆကာကြီးအေးကြူ) ဖုန်း-၅၀၁၄၈၄ နှင့် ဦးစန်းလွင်(ဆကာကြီး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက်ရှိ သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၆ရက်အထိ ကျင်းပမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ရက် နံနက်၅နာရီတွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဖေဖော်ဝါရီ ၂၇ရက်မှ ၂၉ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည် ဖြစ်သည်။ ဖေဖော်ဝါရီ ၂၉ရက် ညနေ ၅နာရီတွင် ဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပ၍ မတ်၆ရက်အထိ ဇာတ်သဘင်များဖြင့် ဖျော်ဖြေပြီး မတ် ၆ရက် ညနေ၄နာရီတွင် ပင့်သံဃာအပါး၂၀၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ စာရေးတံမဲဖောက် လှူဒါန်းမည် ဖြစ်သည်။ ထို့ပြင် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းနှင့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ခြင်းအတွက် လှူဒါန်းနိုင်ကြောင်းနှင့် စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းအတွက် ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်လျှင် ငွေကျပ်၁၅၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။ ပွဲတော်ကာလ ဆွမ်းကွမ်းလှူဒါန်းလိုသူ အလှူရှင်များသည် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (မြန်မာ့အလင်း)

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက ရွှေဘိုမြို့နယ် စိုင်နိုင်ကြီးကျေးရွာ၌ ကျင်းပသော ရွာအဝင်တူးမြောင်းကူး သံကူကွန်ကရစ်တံတားနှစ်စင်းဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

တံတားအမှတ်(၁)ကို ငွေကျပ် သိန်း၂၀အကုန်အကျခံ၍ လည်းကောင်း၊ တံတားအမှတ်(၂)ကို ငွေကျပ် ၁၄၇ သိန်း အကုန်အကျခံ၍ လည်းကောင်း အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

လှည့်လည်စစ်ဆေး

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်သည် စိုင်နိုင်ကြီးကျေးရွာ အလယ်တန်းကျောင်းခွဲရှိ သရဖီကျောင်းဆောင်ဖွင့်ပွဲသို့ တက်ရောက် အားပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်ကြင်းကျောင်းဆောင်သစ်အတွက် ငွေကျပ်ငါးသိန်းနှင့် ဘိလပ်မြေအိတ် ၅၀၊ ကျောင်းအတွက်ဗလာစာအုပ်များနှင့်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံ ၂၄ ပေရှိ တစ်ထပ် အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၏ လှူဒါန်းငွေကျပ်ခြောက်သိန်းနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် လှတောကျေးရွာ စိုက်ပျိုးရေးစခန်းသို့ သွားရောက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဝက်လက် မြို့နယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းစက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အားကစား ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ကျောင်းဆောင်သစ်ဖွင့်

ထိုမှတစ်ဆင့်တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် သရက်ကုန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးက ဗလာစာအုပ်များနှင့် အသင်းလုံ့ချည်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံး၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၉၆ပေ၊ အနံပေ ၃၀ရှိ တစ်ထပ်သံကူကွန်ကရစ် သွပ်မိုးအဆောက်အအုံဖြစ်ကာ ရန်ကုန်မြို့နေ သရက်ကုန်းကျေးရွာဇာတိ အလှူရှင် ဦးမြင့်ဒွေး၊ ဒေါ်နီနီအောင်မိသားစုက ငွေကျပ်သိန်း ၂၆၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဆက်လက်၍ အလျားပေ၁၅၀၊ အနံ ပေ၃၀၊ အမြင့်ပေ ၃၀ရှိ နှစ်ထပ်သံကူကွန်ကရစ် သွပ်မိုးကျောင်း ဆောင်သစ်ကို ငွေကျပ်သိန်း ၂၀၀၀ အကုန်အကျခံ၍ လှူဒါန်းရန် ဆောက်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ မြို့တော်ဝန်ဖလား သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ဆုချီးမြှင့်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ရက် ညနေ ၃နာရီက မန္တလေးကန်တော်ကြီး မြို့တော်ခန်းမ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာဦးစိန်ဝင်းက ပြပွဲပြိုင်ပွဲနှင့် ပတ်သက်၍ အမှတ်ပေးစနစ်ကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ မြို့တော်ဝန်က ဆဋ္ဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင်ပြသထားသော ဌာနဆိုင်ရာ ပြခန်းနှင့်အရောင်းဆိုင်ပြခန်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး၏ဇနီး၊ မြို့တော်ဝန်၏ဇနီးနှင့် တာဝန်ရှိသူများက ပန်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်၊ အရွက်အလှပင်၊ ရွက်လှပင်၊ ပြည်တွင်း သစ်ခွ၊ ပြည်ပသစ်ခွ (ကတ်တလီယာ)(စင်ဘီးဒီးယမ်း)(ဗင်ဒါ)၊ နှင်းဆီပင်အမျိုးမျိုး၊ ရှားစောင်းပင်၊ သက်ကြီးပုပင်၊ အသီးပါအလှပင်၊ ဟင်းသီးဟင်းအရွက်၊ ဟင်းသီးဟင်းရွက်အထုပ်၊ ဟင်းသီးဟင်းရွက်ဥ၊ သစ်သီး၊ ဟင်းသီးအသီးအလုံးလိုက်၊ သစ်သီးဝလံအခိုင်လိုက်နှင့် ဟင်းသီးအသီးအနံ့ အတွဲလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးက ဆဋ္ဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ (၈)မိုင်သစ်ခွခြံမှ ဦးကျော်ဝင်းနိုင်အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကာ ဆုရသစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များကို ကြည့်ရှုအားပေးသည်။

ဖျော်ဖြေ

အဆိုပါ ပြပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၆ရက်အထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်ကြည့်ရှုကြသော ပရိသတ်များအား မန္တလေးမြို့မှ ခေတ်ပေါ်တေးဂီတအဖွဲ့များဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့် ဈေးဝယ်အိတ်များ orange စူပါမတ်ကက်များ၌ စတင်အသုံးပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၃

Go Green with orange ရည်ရွယ်ချက်ဖြင့် orange supermarket များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် ဈေးဝယ်အိတ်များကို စတင်အသုံးပြုနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။**(ယာပုံ)**

ကြာရှည်စွာအသုံးပြုနိုင်

orange supermarket များ၌ ဈေးဝယ်ရာတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်သည့် ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)များအစား ပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့်၊ ပြန်လည်အသုံးပြုနိုင်သည့် Go Green ဈေးဝယ်အိတ်များကို အသုံးပြုခြင်းဖြင့် ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အသုံးပြုခြင်း လျှော့ချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၎င်း Go Green အိတ်များသည် ရေစိုခံနိုင်ခြင်းကြောင့် ရေလျှော်ပြီး ကြာရှည်စွာ ပြန်လည်အသုံးပြုနိုင်သည်။

ဖွင့်လှစ်ထား

orange supermarket ဆိုင်များကို ရန်ကုန်တိုင်း လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၁၉ လမ်းထောင့်တွင်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ဝေဇယန္တာ ရှော့ပင်းမောတွင်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတို့တွင်လည်းကောင်း၊ မန္တလေးမြို့ လမ်း ၈၀ (၂၈ လမ်းနှင့် ၂၉ လမ်းကြား)တွင် လည်းကောင်း၊ ၇၈ လမ်း (၃၃ လမ်းနှင့် ၃၄ လမ်းကြား) Skywalk ရှော့ပင်းမောတို့တွင်လည်းကောင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အာကာသစူးစမ်းရေး၌ အမေရိကန် ကြောင်သူတော်လုပ်နေ စံနှုန်းနှစ်ခုထားကြောင်း ပြည်သူ့နေ့စဉ်သတင်းစာဖော်ပြ

ပေကျင်း ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံက မိမိတို့ အဆိုပြုသည့် အာကာသရေးရာ သဘောတူစာချုပ်ကို ပယ်ချလျက် သူ့ကိုယ်ပိုင်ဂြိုဟ်တုတစ်လုံးကို ဒုံးပျံဖြင့် ပစ်ခတ်ဖျက်ဆီးသည့် တစ်ချိန်တည်းမှာပင် အခြားနိုင်ငံများ၏ အာကာသစူးစမ်းလေ့လာရေး ဆန္ဒများကို ဝေဖန်နေခြင်းမှာ ကြောင်သူတော်လုပ်ခြင်းသာဖြစ်ကြောင်း တရုတ်ပြည်သူ့နေ့စဉ်သတင်းစာက ဝေဖန် ထောက်ပြလိုက်သည်။

တုံ့ပြန်

အမေရိကန်နိုင်ငံက ယင်း၏အိုမင်းနေသည့် ဂြိုဟ်တုတစ်လုံးကို ဖေဖော်ဝါရီ ၂၀ရက်က ဒုံးပျံဖြင့်ပစ်လွှတ်ဖျက်ဆီးပစ်လိုက်သည်ဟု ဝါရှင်တန်တိုင်း(မ်) သတင်းစာက ဖော်ပြသည်။ ယခုလ စောစောပိုင်းက အာကာသတွင်လက်နက် အပြိုင်တပ်ဆင်မှု တားဆီးရေး သဘောတူစာချုပ်ရန် ရုရှားနှင့် တရုတ်တို့ကအဆိုပြုသောအခါ အမေရိကန်က အလုပ်မဖြစ်ဟုပယ်ချလိုက်ပြီး ယင်းအစား ယုံကြည်မှု တည်ဆောက်ရေးကြိုးပမ်းရန် တုံ့ပြန်ခဲ့သည်။

ဝေဖန်ရေးသား

အမေရိကန်သည် အန္တရာယ်ကြီးသော အာကာသအကြံအစည်မျှော်မှန်းချက်များရှိပြီး စံနှုန်းနှစ်ခုထားကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ဝေဖန်ရေးသားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ တွင် အသေခံဗုံးခွဲမှု ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် မက်ဒါဒီယာမြို့အတွင်း အသေခံဗုံးခွဲမှုကြောင့် ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၇ဦး ဒဏ်ရာရသွားကြောင်း ထိုမြို့ဆေးရုံသတင်းရပ်ကွက်ကပြောကြားသည်။

လျော့နည်း

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ၅၅မိုင်အကွာ မက်ဒါဒီမာမြို့ဈေးအတွင်းတွင် သူပုန်တို့က အသေခံဗုံးခွဲခဲ့ခြင်း ဖြစ်သည်။

အန္တရာယ်

ဇွန်လမှစ၍တစ်နိုင်ငံလုံး၌အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရာခိုင်နှုန်း လျော့နည်း သွားသော်လည်း အယ်လ်ခိုင်ဒါများမှာမူ အန္တရာယ်ကြီးသော ရန်သူအဖြစ် ဆက်လက် ရှိနေသည်။ အထူးသဖြင့် ဘဂ္ဂဒက်မြောက်ပိုင်းပြည်နယ်များတွင် အန္တရာယ်ပေးလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

ဗဟုသုတများလိုက်ပုံက . . .

ခတ်ငွေ့ရောင်းကုမ္ပဏီတစ်ခု၌ အလုပ်လာလျှောက်သော အမျိုးသမီးငယ်တစ်ဦးအား လူတွေ့စစ်ဆေးရေး အရာရှိတစ်ဦးက မေးမြန်းလေသည်။

အရာရှိ ။ ။ ခတ်ငွေ့လုပ်ငန်းအကြောင်းလေ့လာထားလား။
အလုပ်လျှောက်သူ ။ ။ ဟုတ်ကဲ့။
အရာရှိ ။ ။ အတော်အတန်လောက် သိမှာပေါ့။
အလုပ်လျှောက်သူ ။ ။ ဟုတ်ကဲ့။
အရာရှိ ။ ။ ဒါဆိုရင် ခတ်ငွေ့အပြည့်ရှိနေတဲ့ ခတ်ငွေ့အိုးက ခတ်ငွေ့ မထွက်ဘူးဆိုရင် ဘာလုပ်မလဲ။
အလုပ်လျှောက်သူ ။ ။ မီးပြင်းပြင်းနဲ့ အပူပေးလိုက်ရပါ့မယ်။
အရာရှိ ။ ။ ''ဟေ''

ဗင်နီဇွဲလား၌ ခရီးသည်တင် လေယာဉ်ပျက်ကျ လေယာဉ်ပေါ်လိုက်ပါသွားသူများ အသက်ရှင်ဖွယ်မရှိ

ကရာကတ် ဖေဖော်ဝါရီ ၂၃

ဗင်နီဇွဲလားနိုင်ငံ၌ ၄၆ဦး လိုက်ပါသွားသည့် ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျသွားခဲ့ရာ အသက်ရှင်ကျန်ရစ်သူ မရှိနိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့အလုပ်သမားများက ပြောကြားသည်။

ပြောကြား

အဆိုပါ ခရီးသည်တင်လေယာဉ် အေတီအာ-၄၂-၃၀၀သည် မီရီဒါမြို့မှ ပျံတက်သွားပြီးနောက် ပျက်ကျသွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့က လေယာဉ်ပျက်ကျသွားသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ကရာကတ်မြို့သို့ ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲပိုင်းက ထွက်ခွာသွားရာ အမြင့်ပေ ၁၂၀၀၀ ခန့်တွင် ပျက်ကျသွားခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်၌မြေပြို

ဖိလစ်ပိုင်နိုင်ငံ ဆော်ဆိုဂွန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထွတ်သို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်

လာဆာ ဖေဖော်ဝါရီ ၂၃

ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် ဧဝရက်တောင်(**အောက်ပုံ**)သို့ ၂၀၀၇ခုနှစ်အတွင်း ခရီးသွားဧည့်သည် ၄၀၂၀၀ ကျော် လာရောက်ခဲ့ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဗက်ဒေသခရီးသွားအာဏာပိုင်များကပြောကြားသည်။ ဧဝရက်တောင်သို့ ကမ္ဘာ့လှည့် ခရီးသွားများလာရောက်မှု တိုးတက်လာ၍ ဝင်ငွေယွမ် ၂၆သန်း (အမေရိကန်ဒေါ်လာ ၃ဒသမ ၆သန်း) ရရှိခဲ့ကြောင်း၊ ကုန်းမြင့်ဒေသ၌ လမ်းများအဆင့်မြှင့်တင်ပြုပြင်ထားကြောင်း အဆိုပါခရီးသွား အာဏာပိုင်တို့က ပြောကြားသည်။



ပြောကြား

တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခရီးသွားလုပ်ငန်းအဖွဲ့က ယခုနှစ်တွင် ပေကျင်းအိုလံပစ်အားကစားပွဲနှင့်အတူ ခရီးသွားများပိုမိုလာရောက်ရန် မျှော်လင့်ထားကြောင်း ပြောကြားသည်။ ယင်းခရီးသွားအဖွဲ့က ဧဝရက်တောင်သို့ တက်ရောက်နိုင်သည့် လမ်းသစ်များ ဖောက်လုပ်ထားကြောင်း၊ ကွာမိုလန်မာ တောင်တက်လမ်းသည် ဧဝရက်တောင်၏ နောက်ဘက်တွင် လူသိများကျော်ကြားသည့် လမ်းတစ်လမ်းဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒုတိယမြောက် လစူးစမ်းလေ့လာရေးယာဉ် တရုတ်က ၂၀၀၉ ခုနှစ်၌ လွှတ်တင်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံသည် ချိန့်အီး-၂ဟု အမည်ပေးထားသည့် ဒုတိယမြောက် လစူးစမ်းလေ့လာရေး အာကာသယာဉ်ကို ၂၀၀၉ခုနှစ်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း ထိပ်တန်းအာကာသသိပ္ပံ ပညာရှင်တစ်ဦးက ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံ၏ ပထမဆုံး လစူးစမ်းလေ့လာရေး အာကာသယာဉ် ပုံစံထုတ် လူနှင့်လွှတ်တင်ရေး အရာရှိချုပ် ရီပေကျန်းက စီစီတီဗွီရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားသည်။ သို့သော်လည်း ဒုတိယမြောက် လစူးစမ်းလေ့လာရေး အာကာသယာဉ် လွှတ်တင်ရေးနှင့်ပတ်သက်ပြီး အသေးစိတ် ထုတ်ပြန်ကြေညာနိုင်ခြင်းမရှိသေးဟု ၎င်းကဆက်လက် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပထမဆုံး လစူးစမ်းလေ့လာရေး အာကာသယာဉ် ချိန့်အီး-၁သည် လမျက်နှာပြင် အနိမ့်ပိုင်းသို့ ရောက်ရှိသွားစဉ် နေကြတ်ခြင်းဖြစ်ပေါ်ခဲ့၍ ဗဟိုထိန်းချုပ်ရေးဌာနနှင့် အဆက်အသွယ်ပြတ်တောက်သွားရာမှ ပြန်လည်အဆက်အသွယ် ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗင်နီဇွဲလား ခရီးသည်တင်လေယာဉ်ပေါ်တွင် လိုက်ပါသွားသူများ၏ ဆွေမျိုးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီမြေပြင်တပ်ဖွဲ့ဝင်များ အီရတ်မြောက်ပိုင်းသို့ ဝင်ရောက် တိုက်ခိုက်

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၂၃

တူရကီမြေပြင် တပ်ဖွဲ့ဝင်များသည် ကာ့ဒ်သူပုန်အား တိုက်ခိုက်ရန် နယ်စပ်ဖြတ်ကျော်လျက် အီရတ်မြောက်ပိုင်းသို့ ဝင်ရောက်လာကြောင်း အန်ကာရာသတင်းဌာနက သတင်းဖော်ပြသည်။

ပြောကြား

တူရကီတပ်များသည် အီရတ်နိုင်ငံအတွင်းသို့ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၁ရက် ညနေပိုင်းက ဝင်ရောက်လာသည်။

ယင်းထိုးစစ်သည် အကန့်အသတ်တစ်ခုအဖြစ်သာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ချက်ချင်းတပ်ပြန်ဆုတ်မည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်အာဒိုဂန်က ပြောကြားသည်။

တူရကီမြေပြင်တပ်ဖွဲ့ဝင်များသည် အီရတ်မြောက်ပိုင်းသို့ ကျူးကျော်တိုက်ခိုက်ရာတွင် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀ ခန့်ရှိကြောင်း တူရကီရုပ်မြင်သံကြားက ထုတ်လွှင့်သွားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှခင်းဖြစ်ရပ်

ဝင့်ကြွေးတံ့တင်ရှိပါလျှင်လည်း ....

အမေရိကန်နိုင်ငံ ဘော်လ်တီမိုးမြို့တွင် နေထိုင်သော နီကိုလပ်စ် ဒတ်လေဝီဗာသည် ယခုအခါ အသက် ၂၂နှစ်အရွယ်ရှိပြီဖြစ်သည်။ သူ၏ဖခင် ဂျက်ဆီဝီဗာသည် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်ပြီး မိခင် အဲလစ်ပင်ဒါဟူဂျက်စ်မှာ ရှေ့နေတစ်ဦး ဖြစ်သည်။ မိခင်ဘက်မှ ကွယ်လွန်သွားသော အဘွားဖြစ်သူ အဲလစ်ဂျီပင်ဒါဟူဂျက်စ်သည်လည်း ဘော်လ်တီမိုးမြို့ရှိ ကျောင်းများ၏ ကျောင်းအုပ်ကြီးဟောင်းတစ်ဦး ဖြစ်သည်။ ထို့ကြောင့် နီကိုလပ်စ်သည် ဆွေကြီးမျိုးကြီးထဲမှ ဆင်းသက်လာသူ တစ်ဦးဟု ဆိုရမည်။

နေမထိထိုင်မသာ

နီကိုလပ်စ်သည် ပညာရေးတွင် ထူးချွန်ထက်မြက်သူဖြစ်သဖြင့် သူ၏ဘဝသည် အညွန့်တလူလူတက်နေသော ပန်းကလေးသဖွယ်ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့်ရက်သတ္တပတ်မှစတင်၍သူ၏ဘဝသည် နေထိပန်းနယ်ညှိုးနွမ်းခဲ့ရသည်။ ဘဝတွင် မျှော်လင့်ချက်ရောင်နီများသန်းနေသူ နီကိုလပ်စ်သည် မထင်မှတ်သော လောကဓံလှိုင်းလုံး၏ ရိုက်ပုတ်မှုဒဏ်ကိုခံခဲ့ရကာ နေမထိထိုင်မသာအောင် အလူးလူးအလိမ့်လိမ့် ခံစားခဲ့ရသည်။

ထူးချွန်ထက်မြက်

နီကိုလပ်စ်၏ဘဝတွင် ပညာရေးမှလွဲ၍ ဘဝခရီးလမ်းတစ်လျှောက်တွင် တိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး ဆူးငြောင့်ခလုတ် ဖြစ်စေမည့် လုပ်ငန်းများကို လုံးဝရှောင်ကြဉ်ခဲ့သည်။ သူ၏ ဘဝတွင် ပညာရေးမှလွဲ၍ ဘာကိုမျှ စိတ်ဝင်စားမှုမရှိပေ။ ပညာရေးသည်သာ သူ၏ဘဝကို တိုးတက်စေကာ ရှေ့သို့ရောက်အောင် ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ ထိုသို့ ယုံကြည်သည့်အတိုင်းလည်း ပညာရေးတွင် အပတ်တကုတ် ကြိုးစားခဲ့သည်။ ကြိုးစားသလောက်လည်း ပညာရေးပါရမီပါသူဖြစ်သဖြင့် အကျိုးပေး အကြောင်းထင်ကာ ထူးချွန်ထက်မြက်ခဲ့ပေသည်။

ဖျက်ဆီးရန် ဖန်တီးလာ

ယခုတော့ နီကိုလပ်စ်၏ ဘဝတွင် မမျှော်လင့်သော ကံကြမ္မာမုန်တိုင်းကြောင့် မျှော်လင့်ချက်ရောင်နီပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပြီး ကြိုးစားခဲ့သမျှ သဲထဲရေသွန် ဖြစ်ရတော့မည်လားဟု တွေးကာ ဖြေမဆည်နိုင်အောင် ယူကျုံးမရခံစားခဲ့ရသည်။ သူ၏ဘဝတွင် အဖြူပေါ် အနက်မစွန်းအောင်နေသကဲ့သို့ အစွန်းအထင်းမရှိအောင် ကြိုးစားကာ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နီကိုလပ်စ်ဒတ်လေဝီဗာ။

သတိအမြဲထားပြီး ကောင်းမွန်စွာနေထိုင်ခဲ့သော်လည်း အဘယ်မည်သော ရေးဘဝ ဝင့်ကြွေးကဖန်လာလေသည်မသိ။ သူ၏ဘဝကို မွေနှောက်ဖျက်ဆီးရန် ဖန်တီးလာခဲ့သော ကံကြမ္မာကိုပင် အပြစ်ဖို့ရမည်လား မသိပါချေ။

ကံတူအကျိုးပေး

ယခုလောလောဆယ်တွင် သူ၏ဘဝမှာဆုပ်လည်းစူး စားလည်းရူးဖြစ်ကာ သောကဗျာပါဒများကို အဖော်ပြုနေရသည်။ ထိုသို့ဖြစ်ရသည်မှာ အခြားကြောင့် မဟုတ်ပေ။ လွန်ခဲ့သော ၂၀၀၂ ခုနှစ် ဇူလိုင်လ ၃ ရက်က အသက် ၁၉ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်စ်ကင်ဂျာ အသတ်ခံရမှုနှင့် ပတ်သက်ပြီး သူ့အား လူသတ်မှုမသင်္ကာသဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က ဖမ်းဆီးထိန်းသိမ်းခဲ့သောကြောင့် ဖြစ်သည်။ သူနှင့်အတူ အသက်၂၁ နှစ်အရွယ်ရှိ ချားလ်စ်အိတ်ချ်ဒါဗစ်ကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာပင် ဖမ်းဆီးထိန်းသိမ်းခဲ့သဖြင့် သူတို့သူငယ်ချင်းနှစ်ဦးမှာ ကံတူအကျိုးပေးများဖြစ်ခဲ့ကြသည်။

ငြိမ်းချမ်းသာယာ

နီကိုလပ်စ်နှင့် သူ၏သူငယ်ချင်းရင်ဆိုင်နေရသောအမှု ပြီးပြတ်ရန်မှာ အချိန်မည်မျှ ကြာမည်ကို မသိရသကဲ့သို့ သူ မကျူးလွန်ခဲ့သော ပြစ်မှုအတွက် မှားယွင်းကာ အပြစ်ဒဏ်ကျခံရမည်ကို နီကိုလပ်စ်အနေဖြင့် အလွန်စိုးရိမ်နေမိသည်။ သူ၏ရင်တွင် ဖြစ်တည်နေသော သောကမှာ မည်သည့်အချိန်ရောက်မှ ငြိမ်းချမ်းမည်ကို မခန့်မှန်းနိုင်ခဲ့ပေ။ ထို့ကြောင့် ယခုလက်ရှိ ပစ္စုပ္ပန်အချိန်တွင် ပူလောင်ခံစားနေရသည့်ဘဝနှင့် အတိတ်ကမိသားစု ပျော်ရွှင်စည်းလုံးစွာဖြင့် နေထိုင်ခဲ့ရသည့် သာယာချမ်းမြေ့သော ဘဝလေးကို ပြန်လည်သတိရမိသည်။ ထိုစဉ်ကသူ၏ဘဝတွင်ငြိမ်းချမ်းသာယာမှုအတိပြီးနေခဲ့သည်။

မျိုးရိုးဂုဏ်ကိုစောင့်ထိန်း

အဖေ သွားဆရာဝန်နှင့် အမေ ရှေ့နေတို့၏ စည်းကမ်းတကျအုပ်ချုပ်မှုအောက်တွင် မိဘများ၏အလိုကျ လိမ္မာရေးခြားရှိစွာ နေထိုင်ခဲ့သည်။ ထို့ကြောင့်လည်း လွန်ခဲ့သော၂၀၀၂ခုနှစ် သူ၁၆နှစ်အရွယ်က တက္ကသိုလ်ဝင်တန်း အောင်မြင်ကာ တက္ကသိုလ်သို့ တက်လှမ်းနိုင်ခဲ့သည်။ မိဘမျိုးရိုး၏ ပညာရေးအစဉ်အလာကို အမွေဆက်ခံနိုင်ခဲ့သကဲ့သို့ မျိုးရိုးဂုဏ်ကို စောင့်ထိန်းနိုင်ခဲ့သည်။

အံ့သြထိတ်လန့်တုန်လှုပ်

ထို့ကြောင့် သူလူသတ်မှု မသင်္ကာဖြင့် အဖမ်းမခံရမီ ရက်သတ္တပတ်ခန့်က ပညာတော်သင်စေလွှတ်ရန် အရွေးခံရသည်။ ထို့အပြင် အမှုအခင်းမဖြစ်မီကာလများဖြစ်သည့် ၂၀၀၆ ခုနှစ်က စေတနာ့ဝန်ထမ်း၊ တရားရုံးဂျူရီအဖွဲ့၏ စာရေး၊ တနင်္ဂနွေအသင်းကျောင်းတွင် ဖွံ့ဖြိုးတိုးတက်ရေး လူပ်ရှားမှုလုပ်ငန်းများတွင် ခေါင်းဆောင်အဖြစ်လုပ်ကိုင်ခဲ့ဖူးသည်။၂၀၀၅ခုနှစ်က ယူဂန္ဓာနိုင်ငံသို့ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသော ကလေးများ ရန်ပုံငွေအတွက် အလုပ်သွားရောက်လုပ်ကိုင်ခဲ့သည်။ လူသတ်မှုမသင်္ကာဖြင့် ဖမ်းဆီးခံရမှုကြောင့် သူ၏ပညာတော်သင်ဆုကို ဆိုင်းငံ့ခြင်းခံခဲ့ရသည်။ သူ၏အနေအထိုင် ရိုးသားပြီး ကြိုးစားမှုကို အတွင်းသိ အစင်းသိ ဖြစ်နေသော သူ့မိဘများ၏ မိတ်ဆွေ ဘော်လ်တီမိုး မြို့တော်ဝန်ဟောင်း ဆက်ချ်မိုကီနှင့် ဇနီးအပါအဝင် မိတ်ဆွေများက သူအဖမ်းခံခဲ့ရမှုအတွက် အံ့သြထိတ်လန့်တုန်လှုပ်ခဲ့ကြသည်။

အတိအလင်းငြင်းဆို

ပြစ်မှုကို မကျူးလွန်ခဲ့သော နီကိုလပ်စ်ကမူ ယင်းပြစ်မှုကို ကျူးလွန်မှုမရှိသကဲ့သို့ ပါဝင်ပတ်သက်မှုမရှိကြောင်း အတိအလင်းငြင်းဆိုခဲ့သည်။ အခင်းဖြစ်ပွားသည့် ၂၀၀၂ခုနှစ်ဇူလိုင် ၃ရက် ညအချိန်က သေဆုံးသူ ဒေးဗစ်ဘက်စ်ကင်ဂျာ၏ အိမ်အနီးတွင် ဂစ်တာသွား တီးမိသော်လည်း ပြစ်မှုမကျူးလွန်ခဲ့ကြောင်း ငြင်းဆိုထားသည်။

ရိုက်ခတ်မှု

နီကိုလပ်စ် ဒတ်လေဝီဗာသည် အစွန်းအထင်းမရှိ နေထိုင်ခဲ့သည်ဟု ဆိုပါသော်လည်း ရှေးဝင့်ကြွေး၏ ရိုက်ခတ်မှုကို ခံခဲ့ရသည်။ ထို့ကြောင့် နီကိုလပ်စ် ဒတ်လေဝီဗာအဖို့ ဝင့်ကြွေးတံ့တင်ရှိပါလျှင်လည်း သည်ဘဝ သည်မျှနှင့် ကျေပါစေကြောင်း ဆုတောင်းနေရုံမှတစ်ပါး။ ။

နီကိုလပ်စ်၏ ဘဝတွင် ပညာရေးမှလွဲ၍ ဘဝခရီးလမ်း တစ်လျှောက်တွင် တိုးတက်မှုကို အဟန့်အတား ဖြစ်စေပြီး ဆူးငြောင့်ခလုတ် ဖြစ်စေမည့် လုပ်ငန်းများကို လုံးဝရှောင်ကြဉ်ခဲ့။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဖေဖော်ဝါရီ ၂၂ရက်က အသက် ၄၀ အရွယ် အရူးရယ်ရာလီရာယူ အမည်ရှိ အမျိုးသားတစ်ဦးက အပူပေးထားသော မီးပူနှစ်ခုကို ရင်ဘတ်၌ ကပ်ကာ ခံနိုင်ရည် စွမ်းရည် ပြသခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ကလေးငယ်ပုံသဏ္ဌာန် ငါးလိပ်ကျောက်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ရေအောက် ငါးပြတိုက်တစ်ခု၌ ကလေးငယ်တစ်ဦး၏ မျက်နှာပုံသဏ္ဌာန်နှင့် တူသော ငါးလိပ်ကျောက် မျိုးစိတ်သစ်တစ်ကောင်ကို ဖေဖော်ဝါရီ ၂၂ ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)



ကင်ညာ၌ ဝန်ကြီးချုပ်ရာထူးထားရှိရေး အစိုးရကမူအားဖြင့် သဘောတူညီ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၃

အတိုက်အခံဘက်က တောင်းဆိုသည့်အတိုင်း ကင်ညာနိုင်ငံ၌ ဝန်ကြီးချုပ်ရာထူးထားရှိရေးကို အစိုးရက မူအားဖြင့် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ သို့သော် ဝန်ကြီးချုပ်၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆဲပင်ဖြစ်ကြောင်း အစိုးရစေ့စပ်ရေးမှူး မူတူလာကီလွန်ဇိုက ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားလိုက်သည်။

အတိုက်အခံတို့ဘက်က ဝန်ကြီးချုပ်ရာထူးနှင့်တကွ အစိုးရရာထူးများတွင် ရာထူးထက်ဝက်စီယူရေးကို တောင်းဆိုခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ရာထူး ရယူသူအနေဖြင့် အုပ်ချုပ်ရေးအာဏာရနိုင်ခြင်းရှိမရှိ မေးမြန်းသည့်အခါတွင် ၎င်းတို့အနေဖြင့် မည်သူ့ကိုမျှ ဟန်ပြသက်သက်ရာထူးပေးမည်မဟုတ်ပါကြောင်း မူတူလာကီလွန်ဇိုက ဖြေကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

ကားအမိုးပေါ်မှ လိုက်ပါစီးနင်းခဲ့ပါလျှင် ....

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်က မတော်တဆဖြစ်ရပ်ကြောင့် လူငယ်သုံးဦးသေဆုံးခဲ့ကြောင်း ဒါကာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းမှ ဒါကာမြို့သို့ မောင်းနှင်လာသော ဘတ်စ်ကားတစ်စီး၏အမိုးပေါ်တွင် လိုက်ပါလာသည့် အသက် ၁၉ နှစ်အရွယ် လူငယ်သုံးဦးသည် ဒါကာမြို့အဝင်၌ ကားချင်းရတ်တရက်ရှောင်ရာမှ အဆိုပါလူငယ်သုံးဦး ကားလမ်းပေါ်လွင့်ကျခဲ့ရာ အရှိန်ဖြင့် မောင်းနှင်လာသော ကုန်တင်ကားတစ်စီးက ထပ်မံတိုက်ခဲ့သဖြင့် လူငယ်သုံးဦးသေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် လူငယ်များအနေဖြင့် အန္တရာယ်များသော ကားအမိုးများပေါ် တက်ရောက် စီးနင်းခြင်းမပြုသင့်ကြောင်း ယခုဖြစ်ရပ်က သင်ခန်းစာပေးဖော်ပြလျက်ရှိသည်။ ။

မောင်မောင်မြင့်ဆွေ

အင်ဒိုနီးရှားဆန်လိုအပ်ချက် ပြည့်ဝဖူလုံမည် ပြည်ပမှ ဆန်တင်သွင်းရန် အစီအစဉ်မရှိဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံက ယခုနှစ်တွင် ပြည်တွင်းဆန်လိုအပ်ချက်ပြည့်ဝဖူလုံမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ဆန်ဝယ်စားမည်မဟုတ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၀၈ခုနှစ် ဆန်ဝယ်ယူစားသုံးမှုကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်ထွက်ကုန်များ အခြေခံတွက်ချက်မှု အေဂျင်စီအကြီးအကဲ မူစတိုဖာအဘူဘာကာ၏ ပြောကြားချက်ကို ဒေသထုတ်သတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်က တန်ချိန် ၃၃သန်း ထုတ်လုပ်ရာမှ ယခုနှစ် ၂၀၀၈ ခုနှစ်တွင် တန်ချိန် ၃၅သန်းအထိ ထုတ်လုပ်သွားရန် မျှော်လင့်ထားကြောင်း၊ ယခုအချိန်အထိ ဆန်တင်သွင်းရန် အစီအစဉ်မရှိကြောင်း အဘူဘာကာက ဂျားဗားအလယ်ပိုင်း ဆိုလိုမြို့သို့ သွားရောက်လည်ပတ်စဉ် ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျွန်မက်ကိန်း အမျိုးသမီးငယ်တစ်ဦးနှင့် ရည်ငံဟု ဖော်ပြမှု သားပုပ်လေလွင့် စွပ်စွဲချက်သာဖြစ်ဟု တုံ့ပြန်ကြေညာ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီသမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အလားအလာရှိသူ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက သူနှင့်လွှတ်တော်အတွင်း မဲဆွယ်စည်းရုံးသူ အမျိုးသမီးငယ်တစ်ဦးနှင့် ရည်ငံခဲ့သည်ဆိုသော သတင်းစာတစ်စောင်၏ စွပ်စွဲဖော်ပြချက်မှာ မဟုတ်မှန်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ငြင်းဆိုလိုက်သည်။

ဖော်ပြ

ဂျွန်မက်ကိန်းသည် လွန်ခဲ့သည့် ကိုးနှစ်က ဗစ်ကီအိုက်စမင် အသက် ၄၀ ဆိုသူ လွှတ်တော်တွင်း မဲဆွယ်စည်းရုံးသူ အမျိုးသမီးနှင့် ရည်ငံမိ၍ မက်ကိန်း၏လက်ထောက်များအကြား စိုးရိမ်ကြောင့်ကြဖြစ်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၀ရက်ထုတ် နယူးယောက်တိုင်းမ် သတင်းစာတွင် ဖော်ပြသည်။ အချိန်မှာ ၂၀၀၀ ပြည့်နှစ်က မအောင်မြင်သော သမ္မတမဲဆွယ်ပွဲအတွင်းက ဖြစ်သည်ဟုလည်း သတင်းစာ၌ ဖော်ပြသည်။

ဂျွန်မက်ကိန်းနှင့် ဇနီးဖြစ်သူ စင်ဒီမက်ကိန်း

ထုတ်ဖော်ပြောကြား

ဂျွန်မက်ကိန်းက သတင်းစာပါ အကြောင်းအရာနှင့် ပတ်သက်၍ သူများစွာ စိတ်ပျက်မိကြောင်း၊ သတင်းစာပါသည့်အတိုင်း မဟုတ်ရပါကြောင်း ဖြင့် အိုဟိုင်းယိုးပြည်နယ် အကြို ရွေးကောက်ပွဲတွင် မဲဆွယ်ပြောကြားစဉ်က ထုတ်ဖော်ပြောကြားသည်။ ထိုမဲဆွယ်ဟော ပြောပွဲတွင် ဂျွန်မက်ကိန်းစကား ပြောစဉ် အနား၌ ဇနီးဖြစ်သူ စင်ဒီလည်း မတ်တပ်ရပ်လျက် နားထောင်နေသည်။

မဆောင်ရွက်ခဲ့

ဂျွန်မက်ကိန်းက မိမိသည် လူ့ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ ထိခိုက်ပျက်ပြားအောင် မည်သည့်အခါကမျှ ထိုသို့ မပြုမူ မဆောင်ရွက်ခဲ့ကြောင်းဖြင့်လည်း ရှင်းလင်းပြောကြားသည်။

ကြေညာ

အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် အမတ်များကြားတွင် ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းမှုမြင့်မားသူ ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်း အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် သေချာသလောက်ရှိပြီ ဖြစ်သဖြင့် သားပုပ်လေလွင့် စွပ်စွဲခြင်းသာဖြစ်ကြောင်း ၎င်း၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကြေညာသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ ဆန့်ကျင်ဆန္ဒပြမှု ရဲတပ်ဖွဲ့ဝင်များ နှိမ်နင်းဖြိုခွင်းခဲ့ရ

ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖေဖော်ဝါရီ ၂၂ရက်က အစိုးရဆန္ဒပြပွဲများဖြစ်ပွားရာ လူရာထောင်ချီ၍ လမ်းမများပေါ်သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

ဖြိုခွင်းဖမ်းဆီး

ယင်းဆန္ဒပြပွဲတွင် ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို အင်အားသုံး ဖြိုခွင်း ဖမ်းဆီးခဲ့ရသည်။

ထိန်းသိမ်း

ဆန္ဒပြသူများသည် ယင်းတို့၏ လိုလားချက်များ လိုက်လျောရန် တောင်းဆိုခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအနက်မှ အချို့ကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အစိုးရအား ဆန့်ကျင်ဆန္ဒပြနေစဉ်အတွင်း ရဲတပ်ဖွဲ့က ဖမ်းဆီးမှုများ ပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ပီပီပီပါတီနှင့် ပီအမ်အယ်-အင်န်ပါတီ ဗဟိုနှင့်ပြည်နယ်အဆင့်တို့၌ ညွန့်ပေါင်းအစိုးရဖွဲ့မည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပသည့် ပါကစ္စတန်အထွေထွေရွေးကောက်ပွဲမှာ အရေးကြီးကြောင်း ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က အလေးပေးပြောကြားလိုက်ပြီး နိုင်ငံတော် အကျိုးစီးပွားအတွက် သဟဇာတဖြစ်သည့် ညွန့်ပေါင်းအစိုးရဖြစ်ရန် ဖေဖော်ဝါရီ ၂၀ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ထည့်သွင်းပြောကြား

ရဝါပင်ဒီမြို့၌ အမေရိကန် ကွန်ဂရက်အမတ် အယ်တန် ဂယ်ကက်လီနှင့် တွေ့ဆုံစဉ် သမ္မတမူရှာရက်ဖ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံသည် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ခဲ့ရပြီး အမြဲတမ်း ကျော်လွှားနိုင်ခဲ့ကြောင်း၊ အနာဂတ်ကာလအကြမ်းဖက်မှုတိုက်ဖျက်ရေး၌လည်း အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဖွဲ့စည်းသွားမည်

ထိုအတောအတွင်း ပီပီပီပါတီနှင့် ပီအမ်အယ်-အင်န်ပါတီတို့က ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ အဆင့်များတွင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင် နှစ်ဦးဖြစ်သည့် အလီဇာဒါရီနှင့် နဝပ်ရှရစ်ဖ်တို့က အစ္စလာမ္မာဘတ်မြို့၌ တစ်နာရီကြာ တံခါးပိတ် စည်းဝေးအပြီးတွင် ဖေဖော်ဝါရီ ၂၁ရက်ညက ထုတ်ဖော် ပြောကြားသည်။

မေတ္တာရပ်ခံ

တံခါးပိတ်စည်းဝေးအပြီး ပူးတွဲ သတင်းစာရှင်းပွဲ၌ နဝပ်ရှရစ်ဖ်အနေဖြင့် အစိုးရအဖွဲ့တွင် ပါဝင်ရန် မိမိမေတ္တာရပ်ခံထားရကြောင်း အလီဇာဒါရီက ပြောကြားသည်။

လက်တွဲဆောင်ရွက်

မိမိတို့သည် ပိုမိုကျယ်ပြန့်သည့် အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့စည်းရန် မျှော်မှန်းကြပြီး ဒီမိုကရေစီတိုက်ပွဲတွင် လက်တွဲဆောင်ရွက်ကြရန်လည်း ရည်ရွယ်ကြောင်း အလီဇာဒါရီက ပြောကြားသည်။

သဘောတူ

ထို့နောက် နဝပ်ရှရစ်ဖ်ကလည်း မိမိတို့သည် ၁၉၇၃ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို မူလအတိုင်းပြန်လည် လက်ခံကျင့်သုံးရန် သဘောတူထားပြီး ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သီရိလင်္ကာ အစိုးရတပ်ဖွဲ့ဝင်များ ကျားသူပုန်များအား ထိုးစစ်ဆင်

ကိုလံဘို ဖေဖော်ဝါရီ ၂၃

သီရိလင်္ကာတပ်ဖွဲ့ဝင်များသည် နိုင်ငံမြောက်ပိုင်း၌ တမီးလ်ကျားသူပုန်များအား ဖေဖော်ဝါရီ ၂၀ရက်က ထိုးစစ် အသစ်တစ်ခုဖြင့် တိုက်ခိုက်ခဲ့ကြောင်း သီရိလင်္ကာ ကာကွယ်ရေးဝန်ကြီးဌာနနှင့် သီတင်းပတ်ကြာ လာရောက်လည်ပတ်လျက် ရှိသည့် ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လုံခြုံရေး တာဝန် ထမ်းဆောင်နေသည့် သီရိ လင်္ကာ တပ်ဖွဲ့ဝင်တစ်ဦး အားဖေဖော်ဝါရီ ၂၁ရက်ကတွေ့ရစဉ်။
(အင်တာနက် ဓာတ်ပုံ)

တိုက်ခိုက်ခဲ့

အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျား သူပုန်များ အကြား တိုက်ခိုက်နေသည့် တိုက်ပွဲသည် အစိုးရက ပြီးခဲ့သည့်လတွင် ခြောက်နှစ်ကြာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ပယ်ဖျက်လိုက်ပြီးနောက် တိုက်ပွဲများ ပြင်းထန်လာကြောင်း အစိုးရက ပြောကြားသည်။

သီရိလင်္ကာအစိုးရတပ်က ဖေဖော်ဝါရီ ၂၀ရက် နံနက် ၆နာရီမှစတင်ကာ ကျားသူပုန်စခန်းများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

ဖေဖော်ဝါရီ ၁၈ရက်က နိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ အနည်းဆုံး သူပုန် ၃၀နှင့် သီရိလင်္ကာ အစိုးရတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

နေတိုးတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အကူတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)ဝင်များ ဖေဖော်ဝါရီ ၂၁ ရက်က ကင်းလှည့်လာစဉ် ဗုံးထောင်တိုက်ခိုက်သဖြင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း မဟာမိတ်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

သေဆုံးသွားသော နေတိုးတပ်ဖွဲ့ဝင်၏အမည်ကို အိုင်အက်စ်အေအက်ဖ်၏ မူဝါဒအရ ဖော်ပြခြင်းမပြုပေ။ အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံစုံတပ်အင်အား ၄၃၀၀၀ရှိရာ စစ်သွေးကြွများအား တိုက်ခိုက်လျက်ရှိပြီး လုံခြုံရေးတာဝန်ကိုလည်း ယူထားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မွန်ဂိုးလီးယားသမ္မတနိုင်ငံ

သတင်းအက်ဆေး

မွန်ဂိုးလီးယားသမ္မတနိုင်ငံသည် အာရှတိုက်အလယ်ပိုင်း အရှေ့ဘက်ဒေသ၌ တည်ရှိသည်။ ၁၉၉၀ပြည့်နှစ်တွင် နှစ်ပေါင်း ၇၀ကြာ လက်ခံကျင့်သုံးခဲ့သည့် ဆိုဗီယက်ပုံစံ တစ်ပါတီစနစ်ကို စွန့်လွှတ်ပြီးနောက် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် ဒီမိုကရေစီနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို အသားပေး ထည့်သွင်းထားသည်။ သို့သော် ဆိုဗီယက်၏ထောက်ခံမှု ရုပ်သိမ်းသွားပြီးနောက် စီးပွားရေးပျက်ပြားသွားမှုကြောင့် ကျယ်ပြန့်သော ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့များ ပေါ်ပေါက်လာရသည်။

သဲကန္တာရတစ်ပိုင်းလွှမ်းမိုး

စစ်ဘုရင် ဂျင်ဂျစ်ခန်လက်ထက်က ဥရောပတိုက်သို့တိုင် ကျယ်ပြောခဲ့သည့် မွန်ဂိုးအင်ပါယာ၏ ဗဟိုချက်မဖြစ်ခဲ့သော မွန်ဂိုးလီးယားနိုင်ငံမှာ လူဦးရေကျိုးတိုးကျဲတဲနေထိုင်သည့် မြက်ခင်းလွင်ပြင်နှင့် သဲကန္တာရတစ်ပိုင်း လွှမ်းမိုးသည့် ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

သက္ကရာဇ် ၁၂၀၆ မှ ၁၂၆၇ခုနှစ်အထိ ဂျင်ဂျစ်ခန်သည် မွန်ဂိုမျိုးနွယ်စုများကို စည်းရုံးညီညွတ်စေပြီးနောက် နယ်မြေသိမ်းပိုက် အောင်ပွဲခံရေးစစ်ကို ဆင်နွှဲခဲ့သဖြင့် သူ့သားမြေးများလက်ထက်တိုင် ကမ္ဘာပေါ်၌ အကြီးမားဆုံး အင်ပါယာကြီး ဖြစ်ခဲ့သည်။ ၁၂၆၇ မှ ၁၃၆၈ ခုနှစ်များအတွင်းတွင် စည်းလုံးညီညွတ်မှုပျက်ပြားကာ အင်အားချည့်နဲ့လာသည်နှင့်အမျှ အင်ပါယာပြိုကွဲရသည်။ မင်မင်းဆက် စစ်တပ်များက ပေကျင်းမှ မွန်ဂိုများကို တိုက်ထုတ်ပစ်လိုက်နိုင်သည်။

ကမ်းလှမ်းလာ

၁၆၃၆ ခုနှစ်တွင် မန်ချူး(ကင်း) အင်ပါယာက တောင်ပိုင်းမွန်ဂိုးလီးယားကို အောင်နိုင်ပြီး အတွင်းမွန်ဂိုးလီးယား ထူထောင်သည်။ ၁၆၉၁ခုနှစ်တွင် မန်ချူးအင်ပါယာက မြောက်ပိုင်းမွန်ဂိုးလီးယားကို အကာအကွယ်ပေးရန် ကမ်းလှမ်းလာပြီး အပြင်မွန်ဂိုးလီးယားကို ထူထောင်သည်။

၁၉၁၁ခုနှစ်တွင် မန်ချူးမင်းဆက် အာဏာလျှောကာအပြင်မွန်ဂိုးလီးယားက လွတ်လပ်ရေးကြေညာသည်။ ရုရှားနှင့်တရုတ်သမ္မတနိုင်ငံတို့က အသိအမှတ်ပြုသည်။ ၁၉၂၀ပြည့်နှစ်တွင် မွန်ဂိုးလီးယားတော်လှန်ရေးသမားများက မွန်ဂိုးလီးယားပြည်သူ့ပါတီကို ထူထောင်ပြီး ဆိုက်ဘေးရီးယားရှိ ဘော်လရှီဗစ်များနှင့် ဆက်သွယ်သည်။ ၁၉၂၁ခုနှစ်တွင် ရုရှားတပ်နီတော်၏ အကူအညီဖြင့် မွန်ဂိုးလီးယားတော်လှန်ရေးသမားများက တရုတ်တပ်နှင့်ဇာဘုရင့်တပ်တို့ကို တိုက်ထုတ်ပြီး မွန်ဂိုးလီးယားပြည်သူ့အစိုးရကို ဖွဲ့စည်းသည်။ ၁၉၂၄ခုနှစ်တွင် ပြည်သူ့ပါတီသည် အရင်းရှင်စနစ်ကိုကျော်ပြီး လီနင်၏ ဆိုရှယ်လစ်စနစ်ကို ဦးတည်သည့်လမ်းစဉ်ကို ချမှတ်သည်။ ပါတီကိုလည်း မွန်ဂိုးလီးယားပြည်သူ့တော်လှန်ရေးပါတီ (အမ်ပီအာရ်ပီ)ဟု အမည်ပြောင်းလိုက်ပြီး မွန်ဂိုးလီးယားပြည်သူ့သမ္မတနိုင်ငံတော်ကို ကြေညာလိုက်သည်။

၁၉၃၉ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဇူးကော့ဦးဆောင်သည့် ဆိုဗီယက်တပ်များ၊ မွန်ဂိုးလီးယားတပ်များက ဟော်လ်ဟင်ဂိုးလ်တိုက်ပွဲတွင် ကျူးကျော်သူဂျပန်နှင့် မန်ချူးကိုး တပ်များအပေါ် အောင်ပွဲခံအနိုင်ယူလိုက်သည်။

ပိုနေမြဲ ကျားနေမြဲ

၁၉၄၅-၄၆ခုနှစ်တွင် ယောလ်တာညီလာခံက မွန်ဂိုးလီးယားအား ပိုနေမြဲကျားနေမြဲထားရန် သဘောတူသည်။ လွတ်လပ်ရေးဆန္ဒခံယူပွဲတွင် ပြည်သူတို့ ထောက်ခံဆန္ဒပေးကြသည်။ ၁၉၄၉-၅၅ခုနှစ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်လာပြီး မွန်ဂိုးလီးယားနိုင်ငံကို ဖြတ်ကာ ရုရှားနှင့် တရုတ်ဆက်သွယ်သည့် မီးရထားလမ်းဖောက်လုပ်သည်။ ၁၉၆၁-၆၃ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်လက်ခံရန် လုံခြုံရေးကောင်စီက အတည်ပြုသည်။ ဗြိတိန်နှင့်သံတမန်ဆက်သွယ်သည်။

အခြေခံဥပဒေသစ်ရေးဆွဲ

၁၉၉၀ပြည့်နှစ်တွင် ဒီမိုကရေစီတောင်းဆို ဆန္ဒပြပွဲများကြောင့် အမ်ပီအာရ်ပီ နိုင်ငံရေးဦးဆောင်အဖွဲ့ နုတ်ထွက်ပေးရသည်။ နိုင်ငံရေးပါတီများကို အသိအမှတ်ပြုရသည်။ ၁၉၉၂ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပြီး ရွေးကောက်ပွဲကျင်းပသောအခါ တစ်ခုတည်းသောလွှတ်တော်တွင် အမတ်နေရာ ၇၆နေရာအနက် အမ်ပီအာရ်ပီက အမတ်နေရာ ၇၁နေရာ ရရှိသည်။ ၁၉၉၃ခုနှစ်တွင် ပထမဆုံး တိုက်ရိုက် သမ္မတရွေးကောက်ပွဲ၌ အမျိုးသားရေးနှင့် ဆိုရှယ်ဒီမိုကရက်များ ထောက်ခံသည့် အိုချာဘတ် အနိုင်ရရှိသည်။ ၁၉၉၆ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း အမျိုးသားရေးနှင့် ဆိုရှယ်ဒီမိုကရက်များက အမတ်နေရာ ၅၀ရရှိသည်။ ၁၉၉၇ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အမ်ပီအာရ်ပီကိုယ်စားလှယ် ဘာဂါဘင် အနိုင်ရသည်။ ၂၀၀၁ခုနှစ် မေလ သမ္မတရွေးကောက်ပွဲ၌လည်း ထပ်မံရွေးချယ်ခံရသည်။ ၂၀၀၅ခုနှစ် မေလ သမ္မတရွေးကောက်ပွဲတွင် အမ်ပီအာရ်ပီမှ နမ်ဘာရင်အင်ဘာယာ အနိုင်ရသည်။

မွန်ဂိုးလီးယားသမ္မတနိုင်ငံသည် အာရှတိုက်အလယ်ပိုင်း ကုန်းမြေမြင့်တွင် စတုရန်းကီလိုမီတာ ၁ ဒသမ ၅သန်းအထိ ကျယ်ပြန့်သော်လည်း လူဦးရေမှာ တရုတ်ပြည်ရှိ မွန်ဂိုလူဦးရေထက်ပင် များစွာနည်းသေးသည်။ လူဦးရေသုံးပုံတစ်ပုံသည် မြို့တော်အူလန်ဘာတော၌ နေထိုင်သည်။ ထက်ဝက်ခန့်မှာ ကျေးလက်ဒေသတွင် ခြံမွေးတိရစ္ဆာန်များကို ထိန်းကျောင်းနေထိုင်ကြသည်။

ရာသီဥတုအစွန်းရောက်

လက်ရှိအချိန်တွင် အကျိုးရှိစွာ ထုတ်မသုံးသေးသော်လည်း အာရှတိုက်၏ အကြွယ်ဝဆုံး တွင်းထွက်သတ္တုအချို့မှာ ဤနိုင်ငံ၌ ရှိနေသည်။ ရာသီဥတုအစွန်းရောက်မှုကြောင့် ခြံမွေးတိရစ္ဆာန်များ သေကျေကြရပြီး မိသားစုနေထိုင်အသက်မွေးမှုတို့ကို ထိခိုက်သော်လည်း သဘာဝအရင်းအမြစ်များက အနာဂတ်ကို တောက်ပစေသည်။ စစ်ဘုရင်ဂျင်ဂျစ်ခန်၏ အမွေက မွန်ဂိုးလီးယားအမျိုးသားဂုဏ်ကိုထွန်းပြောင်အားသစ်စေသည်။ ။

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းကမ်းလွန်၌ ဖေဖော်ဝါရီ၂၂ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ၁အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ရာ ဆူမားတြားကျွန်းတောင်ပိုင်းဒေသ၌ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။**

● ဘရာဇီးနိုင်ငံမြောက်ပိုင်း အမေဇုံမြစ်အတွင်း ဖေဖော်ဝါရီ ၂၂ရက်က ခရီးသည်တင် စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

❒ **အာဂျင်တီးနားနိုင်ငံတွင် အသက် ၁၆နှစ်အရွယ်ရှိ ပါမီလာအမည်ရှိ အမျိုးသမီးသည် ဖေဖော်ဝါရီ၂၂ရက်က မိန်းကလေး သုံးမွှာပူးကို ဒုတိယအကြိမ် မွေးဖွားခဲ့ကြောင်း၊ ပထမအကြိမ် မိန်းကလေးသုံးမွှာပူးမှာ အသက် ၁၅နှစ်အရွယ်၌ မွေးဖွားခဲ့ခြင်းဖြစ်ပြီး အသက်၁၄နှစ် အရွယ်က သားဦးတစ်ဦး မွေးဖွားခဲ့ရာ သုံးခါမွေးသားသမီး ခုနစ်ဦးရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

● တရုတ်နိုင်ငံ ကျိကျင်းမြို့၌ ဖေဖော်ဝါရီ ၂၂ရက်က ဘတ်စ်ကားတစ်စီး လမ်းဘေးအဆောက်အအုံတစ်ခုကို ဝင်တိုက်မှုဖြစ်ပွားရာ ခြောက်ဦးပွဲချင်းပြီး သေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

❒ **အမေရိကန်နိုင်ငံနယူးယောက်မြို့တွင် ဖေဖော်ဝါရီ၂၂ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရပြီး မော်တော်ယာဉ်အသွားအလာများ ရပ်ဆိုင်းခဲ့သည်။** (အောက်ပုံ)

● အီကွေဒေါနိုင်ငံ ကွာဒိုမြို့၌ ဖေဖော်ဝါရီ၂၂ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့မှုကြောင့် ၁၂ဦးသေဆုံးခဲ့သည်။

❒ **ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အရှေ့ဘက်မိုင် ၁၂၀ခန့်အကွာရှိ တောင်တစ်တောင်ပေါ်သို့ တက်ရောက်နေသော လူလေးဦးပါ တောင်တက်အဖွဲ့ ဖေဖော်ဝါရီ ၂၂ရက်က တောင်ထိပ်မှ ဆီးနှင်းခဲများ ပြိုကျသဖြင့် နှစ်ဦးသေဆုံးသွားခဲ့သည်။**

● အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျားဗားပြည်နယ်ရှိ မီးတောင်တစ်တောင်သည် ရွှံ့ရည်များမှုတ်ထုတ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၂ရက်က တောင်အောက်အထိ ရွှံ့ရည်များ စီးဆင်းခဲ့သည်။

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၃-၂-၂၀၀၈

တာ့ခ်မင်နစ္စတန်နှင့်တရုတ် ဓာတ်ငွေ့ပိုက်လိုင်းစတင်

အရှေ့နှင့်အနောက် ဒုတိယမြောက်ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးလုပ်ငန်းကို တရုတ်နိုင်ငံက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တာ့ခ်မင်နစ္စတန်မှ သဘာဝဓာတ်ငွေ့များ တရုတ်နိုင်ငံသို့ ပိုက်လိုင်းများဖြင့် သွယ်တန်းရေးလုပ်ငန်းများအား တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ၂၀အထိ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးတို့လေကြောင်းမှတိုက်ခိုက်

ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့အတွင်း အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ထိုသို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး အခြားသူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ အစ္စရေးတို့အား မိမိတို့လက်တုံ့ပြန်မည်ဖြစ်ကြောင်း ဂျီဟတ်အဖွဲ့က တုံ့ပြန်ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးကြောင့် တရုတ်၌ တစ်ဦးသေဆုံး

တရုတ်နိုင်ငံ ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဖေဖော်ဝါရီ ၂၂ရက်က ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အသက် ၄၁နှစ်အရွယ်ရှိ အဆိုပါအမျိုးသားသည် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုကြောင့် ဆေးရုံ၌ သီတင်းတစ်ပတ်ကြာ ကုသမှုခံယူခဲ့ပြီးနောက် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အာဖဂန်၌ ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် အာဖဂန်နစ္စတန်ရှိ ဘာဂရမ်စစ်အခြေစိုက်စခန်းသို့အသွား နှင်းမုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

ဗီယက်နမ်၌ သင်္ဘောကျင်းအလုပ်သမား ပြတ်လပ်

ဗီယက်နမ်နိုင်ငံတွင် သင်္ဘောကျင်းလုပ်ငန်းများ၌ အလုပ်သမားပြတ်လပ်မှုနှင့်ကြုံတွေ့ရနေကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ သင်္ဘောကျင်းလုပ်ငန်း၌ နှစ်စဉ်အင်ဂျင်နီယာ ၇၀၀ ခန့်နှင့် အလုပ်သမား ၂၀၀၀မှ ၃၀၀၀အကြား လိုအပ်လျက်ရှိရာ လောလောဆယ်၌ အလုပ်သမား ၅၀ရာခိုင်နှုန်း လိုအပ်နေသည်။

မာဒါဂါစကာ၌ မုန်တိုင်းကြောင့် ၂၉ဦး သေဆုံး

မာဒါဂါစကာကျွန်းနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ၂၉ဦး သေဆုံးခဲ့ကြောင်း မာဒါဂါစကာအရာရှိများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် မာဒါဂါစကာကျွန်းနိုင်ငံအရှေ့ပိုင်းမှ တစ်နာရီလျှင် ကီလိုမီတာ ၂၃၀နှုန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀၀အထိ ရှိနေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)၏အရာရှိများက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းမှာ ဇန်နဝါရီလကထက် ၂ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ရေနံစိမ်းဈေးကွက်၌ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀အထိ ရှိနေသည်။

ဘဝဒဿန အမြင်

■ **Beauty is a short-lived reign.**

ခဏမျှသာ လွှမ်းမိုးနိုင်စွမ်းရှိသော အရာကား အလှအပပင် ဖြစ်သည်။

ပတ်ဘလီလီယပ်စ်ဆိုင်ရပ်စ် (အတွေးအခေါ်ပညာရှင်)

■ **There is nothing permanent except change.**

ပြောင်းလဲခြင်းဟူသော တရားမှတစ်ပါး အစဉ်တည်မြဲသော အရာဟူ၍ ဘာမျှမရှိ။

အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

24-2 (07) 1 2/24/08, 2:11 AM

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကြက်ငှက်တုပ်ကွေးရောဂါမှတစ်ဆင့် ဖြစ်ပွားနိုင်သည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ညွန့်က မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်(ငြိမ်း) က ကြက်ငှက်တုပ်ကွေးရောဂါမှတစ်ဆင့် ဖြစ်ပွားနိုင်သည့် ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဌာနပေါင်းစုံမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက်နေ ပြည်သူများအား မူခင်း အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က မေတ္တာ ပုညကာရီ ဓမ္မာရုံ၌ကျင်းပရာ ဒုတိယရဲမှူးဉာဏ်ဝင်း ကြီးကြပ်မှုဖြင့် အမှတ်(၃) ရဲကင်းမှူး ဒုတိယ ရဲအုပ်ဇော်မင်းညွန့်က မူခင်း အသိပညာပေး ဟောပြောရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် ရပ်ကွက် ပြည်သူများ တက်ရောက်ကြစဉ်။

(မြန်မာ့အလင်း)

ဒဂုံမြို့သစ်(တောင်ပိုင်း) သီရိဂုဏ်ဝေကျောင်းတိုက် မဟာထေရ်စံကျောင်းတော်အတွက် လှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ (လေးဒေါင့်ကန်) သီရိဂုဏ်ဝေဓမ္မဗိမာန် ကျောင်းတိုက်တွင်းရှိ မင်္ဂလာသိဒ္ဓိလာဘမုနိစေတီတော်မြတ်အား ဖေဖော်ဝါရီ၂၁ရက် (တပို့တွဲလပြည့်နေ့) အရုဏ်တက်တွင် ထမနဲဆွမ်း စုပေါင်းကပ်လှူကြသည်။ ထို့နောက် ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် နဝကမ္မဝတ္ထုငွေများကို မထသဌာနခွဲ(၉)မှ ဌာနခွဲမှူး ဦးထင်ကျော်-ဒေါ်ခင်သန်းဆင့် မိသားစုက ကျပ်နှစ်သိန်း၊ ဦးခင်နွဲ့-ဒေါ်တင်တင်မြင့်မိသားစု၊အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ ၂/၃/၁ မှ ကျပ်တစ်သိန်းသုံးသောင်း၊မောင်စိုးဇေယျာ-မဇာခြည်စိုးအောင်မိသားစု၊ မရမ်းကုန်းအောင်သိဒ္ဓိရိပ်သာ ၂လမ်း ၁၈ ဘီမှ ကျပ်တစ်သိန်း၊ ကိုသန်းနိုင်-မမြင့်မြင့်အေးမိသားစု၊ (သိန်းကျော်သူ သဲကျောက်ဒိုင်)သဃ်န်းကျွန်းမှကျပ်ငါးသောင်း၊ ကိုတင်ဝင်းအောင်-မနီနီအေး မိသားစုတက္ကသိုလ် ရိပ်သာလမ်းဗဟန်းမှ ကျပ်ငါးသောင်းကို အရှင်ပညာသီဟာဘိဝံသ(ပဋ္ဌနိကာယ်)ထံမှ အနုမောဒနာ တရားနာကြားပြီး လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းကျောင်းတိုက်သည် တိုင်းရင်းသားကိုရင်ငယ်များအား ပိဋကတ်စာပေသင်ကြားပေးခြင်း၊ စစ်မှုထမ်းဟောင်း သက်ကြီးရွယ်အိုများအား ဝိပဿနာတရားအားထုတ်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(က-ပ)

နေပြည်တော်ပျဉ်းမနား အလယ်ကိတ်စေတီ ရွှေသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နေပြည်တော် ပျဉ်းမနားတွင် တည်ထားကိုးကွယ်သော ဘုရားကိုးဆူဆုတောင်းပြည့်ဘုရား အလယ်ကိတ်စေတီတော်မြတ်ကြီးအား ဒုတိယအကြိမ်မြောက်ရွှေသင်္ကန်းကပ်လှူပူဇော်နေပြီဖြစ်ရာ ဖုန်း-၀၆၇-၂၁၉၀၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

❐ ကျောဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကုန်ထုတ်စွမ်းအား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ရန်ကုန်တိုင်းသည် အဓိကကျရုံမက စက်မှုလုပ်ငန်းအနေဖြင့် အမြင့်မားဆုံးရှိခဲ့ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စက်မှုဇုန်များ၏ ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားရေးအတွက် မျက်ခြည်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ စက်မှုဇုန်များ ပိုမို ဖွံ့ဖြိုးတိုးတက်မှ လူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက စက်မှုဇုန်အလိုက် ဖွဲ့စည်းတည်ရှိမှု၊ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှု၊စက်မှုဇုန်အလိုက် ကုန်ထုတ်လုပ်မှု၊ စက်ရုံများနှင့် အလုပ်သမားဦးရေ၊ ရင်းနှီးမြှုပ်နှံမှု၊ ပံ့ပိုးကူညီပေးမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်နေမှုအပါအဝင် လုပ်ငန်းအခြေအနေတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မော်လမြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း မွန်ပြည်နယ် စည်ပင်ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့် မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်း၊ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းနှင့်အတူ ဖေဖော်ဝါရီ ၁၈ရက် နံနက်က မော်လမြိုင်မြို့ မြေနီကုန်း ရပ်ကွက်ရှိ အဝေးပြေးဂိတ်ယာဉ်ရပ်နားစခန်း(လိုင်)သို့ ရောက်ရှိပြီး အဝေးပြေးစခန်းရှိ ယာဉ်များ စနစ်တကျဝင်ထွက်သွားလာရေး၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းတွင်းရှိ လူနေဈေးဆိုင်ခန်း၊ စားသောက်ခန်း၊ ကားဂိတ်များနှင့် ရုံးခန်းများတွင် ရေပေးဝေမှု ရေထွက်ရှိနှုန်း၊ လျှပ်စစ်မီးရရှိမှု အခြေအနေ၊ တယ်လီဖုန်းဆက်သွယ်နိုင်မှု အခြေအနေ၊ သန့်စင်ခန်းများ လုံခြုံရေးနှင့် ကျန်းမာရေး အနံ့အသက် ကင်းစင်ရေးတို့အား အသေးစိတ်စစ်ဆေး၍ ယာဉ်ရပ်နားစခန်းရုံးခန်း၌ ကြီးကြပ်ရေးကော်မတီဝင်များ၊ မထသပြည်နယ်မှန်လုံအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံပြီးမော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လုပ်ဆောင်ပေးရမည့် လုပ်ငန်းများအား နှောင့်နှေး ကြန့်ကြာမှုမရှိစေရန်နှင့် အမြန်ဆုံးဆောင်ရွက်သွားရန် အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့အား မှာကြားသည်။

အဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းအတွင်း နွေရာသီရေအခက်အခဲဖြေရှင်းရန် အတ္တရံ(၂)မြို့ရေပေးရေးမှ စည်ပင်နှင့်ပြည်သူပူးပေါင်း၍ ရေအခက်အခဲဖြစ်မှုကို အချိန်မီဖြေရှင်းရေး ညှိနှိုင်းဆွေးနွေးပြီး ယာဉ်ရပ်နားစခန်းအတွင်း လုံခြုံရေး၊ အများပြည်သူခရီးသွားလာမှု လုံခြုံချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို စုပေါင်း၍ဒေသအာဏာပိုင်များ၊ အစိုးရအဖွဲ့မဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ယာဉ်လိုင်းမှတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်စေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်လမ်းဖောက်လုပ်မှု ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းဖြစ်သည့် မထုရွာ (ကလေးဝ-မော်လိုက်လမ်း)မြေသားလမ်းသစ် တစ်မိုင်ဖောက်လုပ်မှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဇန်နဝါရီ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၄-၂-၂၀၀၈)ရက်နေ့
၂၀၀၈ခုနှစ် မတ်လအတွက်
(၉-၃-၂၀၀၈)ရက်နေ့ နှင့် (၃၀-၃-၂၀၀၈)ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ဝန်ဖိုက်ချောင်းတံတား
- ၈:၁၅ ၉။ အကပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Say it in English
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၅ ၅။ မြန်မာ့ဗီဒီယိုဇာတ်လမ်း **ကမ္ဘာသုံးရည်းစားစကား** လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၃:၅၀ ၆။ တေးဂီတအစီအစဉ်
- ၁၄:၀၅ ၇။ အတီးပြိုင်ပွဲ
- ၁၄:၂၀ ၈။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလှျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
- ၁၄:၃၅ ၉။ လဂွမ်းပြင်ရေလှောင်တမံ
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
- ၁၆:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သမိုင်းဘာသာရပ်)
- ၁၇:၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ **အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၉:၁၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၆)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၄)
- ၁၆။ နောက်တစ်နေ့အစီအစဉ်

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲတက်ရောက်ရေးနှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု၊ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၁ရက် (စနေနေ့)နံနက် ၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၉ရက်(သောကြာနေ့) ည ၇နာရီတွင် အဆိုပါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်သတင်းပေးပို့

အခမ်းအနားကျင်းပမည့် ပခုက္ကူမြို့သို့ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉-၅၃၁ စာပေဗိမာန်စုရပ်မှ ဖေဖော်ဝါရီ ၂၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ရာ ရန်ကုန်မှ လိုက်ပါမည့် စာပေဆုရပုဂ္ဂိုလ်များနှင့် ယဉ်ကျေးမှု တက္ကသိုလ်ပညာသင်ဆုရသူများသည် စာပေဗိမာန်သို့ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၇နာရီနောက်ဆုံးထား၍ လူကိုယ်တိုင်သတင်းပို့ရန် နှိုးဆော်ထားသည်။ စာပေဆုရသူများသည် စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း ၀၁-၂၄၀၀၄၈နှင့် ၃၈၁၄၄၉တို့သို့လည်းကောင်း၊ ပညာရည်ချွန်ဆုရရှိသူများသည် ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၅၄၈၅၄၀နှင့် ၅၄၁၂၈၃ တို့သို့ ကြိုတင်သတင်းပို့နိုင်ပြီး မိမိအစီအစဉ်ဖြင့် တက်ရောက်မည့်ဆုရသူများသည် ပခုက္ကူမြို့သို့ ဖေဖော်ဝါရီ ၂၉ရက် နောက်ဆုံးထား၍ အရောက်လာကြရန် နှိုးဆော်ထားသည်။

ပေးပို့မှာကြား

၂၀၀၈ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲဝင် စာမူများလက်ခံနေပြီဖြစ်ရာ ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေအမျိုးအစားငါးရပ်အတွက် စက်တင်ဘာ၃၀ရက်အထိ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်တွင် ဝယ်ယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုးငွေကျပ် ၁၀၀ပေးပို့မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့အပြင် ကြံမှတစ်ဆင့် ဓာတ်ဆီအစားထိုး ဘိုင်အိုအီသနောလ်နှင့် ဒီဇယ်အစားထိုး ဘိုင်အိုဒီဇယ်တို့ကိုလည်း ထုတ်ယူသုံးစွဲနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ပြီးမြောက်သည်အထိ စေတနာထားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် သဒ္ဓါတရားထက်သန်စွာဖြင့် ဆေးရုံများအတွက် အလှူငွေများ လှူဒါန်းခြင်းသည် မွန်မြတ်သည့်ဒါနတစ်ခုပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူရှင်များဖြစ်ကြသည့် ဦးမြ-ဒေါ်ကြူသားသမီး မြေးတစ်စုက ငွေကျပ်၅၂၈သိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)က ငွေကျပ်သိန်း၂၀၀၊ ကုမ္ပဏီများက ငွေကျပ်သိန်း ၂၂၀နှင့် ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများက ငွေကျပ် ၂၆၁သိန်း၊ တပ်နယ်ဆေးရုံတို့အတွက် ဦးမြ-ဒေါ်ကြူမိသားစုက ငွေကျပ်သိန်း ၂၀၀ စုစုပေါင်း ငွေကျပ် ၁၄၀၉သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁) ကုန်းမြင့်လယ်ယာရှိ ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနောလ်စက်ရုံစီမံကိန်းသို့ရောက်ရှိ၍ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနောလ်၏ အားသာချက်၊ အားနည်းချက်နှင့် စီးပွားရေးတွက်ခြေကိုက်၍ အစားထိုးလောင်စာအတွက် စိတ်ချစွာ အသုံးပြုနိုင်သည့် သုတေသနပြုချက်များကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဘိုင်အိုအီသနောလ်စက်ရုံအတွင်း ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနောလ် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက ဘိုင်အိုအီသနောလ်စက်ရုံမှထွက်ရှိသော ဘိုင်အိုအီသနောလ်ဖြင့် မီးစက်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများမောင်းနှင်နေမှုများကို သရုပ်ပြ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနောလ်စက်ရုံသည် ကြံတစ်တန်ကြိတ်ပါက ဘိုင်အိုအီသနောလ် ရှစ်ဂါလန်ရရှိမည်ဖြစ်ပြီး တစ်နေ့သုံးဆိုင်းလည်ပတ်ပါက ဘိုင်အိုအီသနောလ် ဂါလန်၃၀၀ ထွက်ရှိမည်ဖြစ်သည်။

ယင်းဓာတ်ဆီအစားထိုး ဘိုင်အိုအီသနောလ်စက်ရုံအနေဖြင့် ကြံကော၁၀၀ကို ဘိုင်အိုအီသနောလ် ဂါလန်၄၀၀၀၀ ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ဇော်ဇော်လတ်အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**"မီးသတိပြုကြပါ"** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈:၁၀ - ၂:၁၀	Soccer Update
၈:၂၅ - ၂:၂၅	Sunday Talk [ဒုတိယရဲမှူးကြီးအောင်နိုင် (ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့)၊ ဦးအောင်မြင့် (ညွှန်ကြားရေးမှူး၊ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	အရဏ်ဦးမှာ ကြည်ညို ပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၉:၄၅ - ၃:၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၉:၅၀ - ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅	များများသယ် မြန်မြန်ပို့ ပြည်သူတွေစိတ်ချမ်းသာဖို့
၁၀:၁၀ - ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅	ပွင့်သောပန်းတိုင်း လန်းစေချင်သည်
၁၀:၄၀ - ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ - ၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅ - ၄:၅၅	Euro Goals
၁၁:၁၅ - ၅:၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ - ၅:၂၅	သဘာဝအစားအစာများ 'ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်'
၁၁:၅၅ - ၅:၅၅	လွင်မိုးခရီးသွားနေသည် (အပိုင်း-၅)
၁၂:၂၅ - ၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀ - ၆:၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၂:၅၀ - ၆:၅၀	တေးဂီတအစီအစဉ်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Reading-AstonVilla	ESPN (Live)
၉:၂၅	Blackburn-Bolton	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Roma-Fiorentina	5-Cartoon(Live)
၂:၀၀	AC Milan-Palermo	5-Cartoon(Live)

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မဟာသာသန ဝေပုလ္လကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ စိုက်ထူလှူဒါန်းတော်မူခဲ့သော ငွေပဒေသာပင်ရန်ပုံငွေမှ သတ္တမအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီက ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍မဟာသာသနဝေပုလ္လကျောင်းပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မတိဏ္ဏက ဩဝါဒကထာမြွက်ကြားတော်မူသည်။

ဆက်ကပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရ သံဃာတော်ခုနစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင်လေးပါး၊ လူပုဂ္ဂိုလ် သုံးဦးနှင့် ကျောင်းသားတစ်ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများကို ဆက်ကပ်လှူဒါန်း ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရန်ပုံငွေအတွက် အလှူရှင် ၁၆ဦးတို့က စုစုပေါင်းအလှူငွေ ကျပ် ၄၂၃၀၀၀ တို့ကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ ပေးအပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ယောဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

မြန်မာပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ၁၀မိုင်ကုန်းရှိ ဟံသာဝတီ ဂေါက်ကွင်း၌ ကျင်းပသည်။

အမှာစကားပြော

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ Han Golf Masters Pte., Ltd. ဒါရိုက်တာ ဦးကိုကိုလေးက အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် နေ့စဉ် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း၊ Dagon Brewery Ltd. မှ General Sales Manager ဦးသာဖြိုးက အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် နေ့စဉ် အကောင်းဆုံး ရိုက်ချက်ဆု(Daily Best)ရရှိသူများအားလည်းကောင်း၊ INNO Group Co., Ltd. မှ Mr. Oh Sang Ok က Professional အဆင့်ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ရရှိသူများအား လည်းကောင်း ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

အလှည့်ကျပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသမီးအဆင့် Handicap Divison ပြိုင်ပွဲတွင် Nett Total ၂၁၇ ချက်ဖြင့် ပထမရရှိသော Yang Mi Young, Nett Total ၂၂၃ ချက်ဖြင့် ဒုတိယရရှိသော Jin Eun Hee, Nett Total ၂၂၃ ချက်ဖြင့် တတိယရရှိသော မေလီတို့အားလည်းကောင်း၊ အမျိုးသမီးအဆင့် Scratch ပြိုင်ပွဲ အထူးဆုရရှိသော ရင်မေမျိုးအားလည်းကောင်း၊ Air Bagan Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၅ချက်ဖြင့် ပထမရရှိသော ဘိုဘို၊ စုစုပေါင်း ၂၉၆ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်း ၂၉၆ချက်ဖြင့် တတိယရရှိသော အောင်ဝင်းတို့အားလည်းကောင်း ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၉ချက်ဖြင့် ပထမရရှိသော Point Golf Gear Factory မှ ဇော်ဇော်လတ်အား ဆုဖလားနှင့် ဆုကြေးငွေကျပ် ချက်လက်မှတ်ကို လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၉၄ ချက်စီဖြင့် ပူးတွဲဒုတိယရရှိသော Park Kyung Joon နှင့် Srixon မှ စိုးကျော်နိုင်တို့အား ဆုကြေးငွေကျပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Co.Sponsors များအဖြစ် Air Bagan Ltd., INNO Group Co.,Ltd., EDEN Group Co.,Ltd., Srixon, K.M Golf Centre, Alpine (Purified Drinking Water), Dagon Brewery Ltd., Heather Gate Whisky, Accel International Co.,Ltd. (Canon) နှင့် Hanthawaddy Golf and Country Club တို့က ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်လက်မြို့ သာယာလှပရေး ကွင်းဆင်းစစ်ဆေး

ဝက်လက် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဝက်လက်မြို့သို့ ဖေဖော်ဝါရီ ၁၀ရက်တွင်ရောက်ရှိပြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသည့် ဝက်လက်ရွာသာကြီးလမ်းနှင့် မြို့သာယာလှပရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော် တို့က ရှင်းလင်းတင်ပြကြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ ရေသန့်ရှင်းခြင်း၊ အစာသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာသန့်ရှင်းခြင်း ဟူသော **"သန့်လေးသန့်"** ကို အခြေပြု၍ တစ်သန့်လျှင် တစ်မျိုးစီဖြင့် ပညာပေးသီချင်းပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး သီချင်းတစ်ပုဒ်လျှင် **"တစ်သန့်"**ကိုသာ ရည်ညွှန်းရေးသားရမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

စုစုပေါင်း သီချင်း၁၂ပုဒ်(အစာ သန့် သုံးပုဒ်၊ ရေသန့်သုံးပုဒ်၊ လက်သန့် သုံးပုဒ်၊ အိမ်သာသန့် သုံးပုဒ်) တို့ကို ရွေးချယ်မည်ဖြစ်ပြီး ဆုရ တေးရေးဆရာများကို မတ်၉ရက် (တနင်္ဂနွေနေ့)တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယ မရှိဘဲ တစ်သန့်ချင်းစီမှ အကောင်းဆုံးသုံးပုဒ် ရွေးချယ်ပြီး Trophy နှင့် ငွေကျပ်တစ်သိန်းစီ ဆုချီးမြှင့်မည်ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ရာတွင် ထည့်သွင်းရေးသားရမည့် **"သန့်လေးသန့်"**နှင့်ပတ်သက်သော အခြေခံအချက်အလက်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သန့်လေးသန့်ရုံးခန်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

ဆက်သွယ်စုံစမ်း

ဆက်သွယ်ရန်လိပ်စာမှာ သန့်လေးသန့်ရုံးခန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ် ၁၆ ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ဖြစ်ကြောင်းနှင့် ပြိုင်ပွဲပိတ်ရက်မှာ မတ်၃ရက် (တနင်္လာနေ့) ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၅၄၄၂၇၀ နှင့် ၀၁-၅၄၄၂၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အာကြီးတို့ သရေကျ နှစ်မှတ်လျော့ မန်ယူတို့ ထက်ကြပ်မကွာလိုက်နေ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ပရီမီယာလိဂ်ပွဲစဉ် (၂၇)ကို ဖေဖော်ဝါရီ ၂၃ရက်က ဆက်လက်ကစားရာ အာကြီးတို့ အဝေးကွင်း၌ ဘာမင်ဂမ်ကို မမျှော်လင့်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။

အဖွင့်ဂိုး

အဒီဘာယော၊ ဝေါကော့တ်နှင့် အီဒူယာဒိုတို့ တိုက်စစ်အတွဲသစ်ကို ထုတ်သုံးကာ ကွင်းလယ်၌ ဟဲဘ်၊ဖာဘရီဂတ်စ်နှင့် ဖလာမီနီတို့ကို ထားရှိကစားစေခဲ့သော အာကြီးတို့ ဘာမင်ဂမ်ကို ဖိကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈မိနစ်၌ ဘာမင်ဂမ်တိုက်စစ်မှူး ဖာနန်ဒက်စ်က ကိုက်၂၀အကွာမှ ညာခြေဖြင့် လှလှပပ ကန်သွင်းယူပြီး အိမ်ရှင် ဘာမင်ဂမ်တို့ အဖွင့်ဂိုး ရယူသွားသဖြင့် အာစင်ဝင်းဂါး ရင်ပူစရာဖြစ်ခဲ့ရသည်။

အာကြီးတိုက်စစ်မှူး ဝေါကော့တ် (ဝဲ) ဘာမင်ဂမ်ဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

တစ်မှတ်စီခွဲယူ

အာကြီးတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ဘဲ ပွဲချိန်မိနစ် ၅၀ရောက်မှသာ တိုက်စစ်မှူးဝေါကော့တ်က ဘာမင်ဂမ်ဂိုးနှင့် ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ အာကြီး၏ ဒုတိယဂိုးကို ၅၄မိနစ်၌ ဝေါကော့တ်ကပင် ၁၈ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အာကြီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့ရာ ပွဲအပြီးလေလွင့်ချိန်၌ အာကြီးတို့ ပယ်နယ်တီ အပေးခံရပြီး ထိုပယ်နယ်တီကို ဘာမင်ဂမ်တိုက်စစ်မှူး မက်ဖာဒန်က ကန်သွင်းယူခဲ့သဖြင့် အာကြီးတို့ ရေတိမ်နစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ရခြင်းဖြစ်သည်။

နယူးကာဆယ်နှင့် မန်ယူ

အဝေးကွင်း၌ ရွန်နေ၊ တီဗက်ဇ် တိုက်စစ်အတွဲကို စီရိုနယ်ဒို၊ ဖလက်ချာ၊ ကာရစ်၊ နာနီတို့က ဝန်းရံပံ့ပိုးပြီး နယူးကာဆယ်ဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်၂၅မိနစ်၌ တိုက်စစ်မှူး ရွန်နေက ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘောကန်သွင်းပြီး အဖွင့်ဂိုးသွင်းယူခဲ့သလို ၄၅မိနစ်နှင့် ၅၆မိနစ်၌ ဒိုလေးက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ နယူးကာဆယ်အတွက် ချေပဂိုး တစ်ဂိုးကို ၇၉မိနစ်၌ ဖရေးက သွင်းယူပေးခဲ့သည်။ ထို့နောက် မိနစ်၈၀၌ ရွန်နေက မန်ယူအတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့ပြီး ဆာဟာက မိနစ်၉၀၌ တစ်ဂိုးသွင်းယူလိုက်သဖြင့် မန်ယူတို့ ငါးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအတွက် ဒိုလေးက နယူးကာဆယ်ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လီဗာပူးနှင့် မစ်ဒယ်ဘရော့

လီဗာပူးတို့အိမ်ကွင်း၌ အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ထိုးဖောက်ဂိုးသွင်းမှု ၁၂ကြိမ်ရရှိခဲ့ရာမှ အပိုင်ကန်သွင်းမှု ခုနစ်ကြိမ်တွင် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် မစ်ဒယ်ဘရော့တို့က ပွဲချိန် ကိုးမိနစ်၌ တိုက်စစ်မှူး ဆန်လီက ၁၂ ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့ကာ အဖွင့်ဂိုး ရယူနိုင်ခဲ့သည်။ လီဗာပူးအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို ၂၈မိနစ်၊ ၂၉မိနစ်၊ ၆၁မိနစ်တို့၌ တိုက်စစ်မှူး တောရက်စ်တစ်ဦးတည်း ဆက်တိုက်သွင်းယူပြီး ဟက်ထရစ်ရရှိခဲ့သည်။ မစ်ဒယ်ဘရော့၏ ချေပဂိုးကို ၈၃မိနစ်၌ ဒေါင်းနင်းက ခြောက်ကိုက်အကွာမှ ဘယ်ခြေဖြင့် အနီးကပ်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သော်လည်း ပွဲချိန် ၈၅မိနစ်၌ မစ်ဒယ်ဘရော့တိုက်စစ်မှူး ဂျာရီမီအလီရာဒီယေး အနီကတ်ပြ အထုတ်ခံရသည်။ ပွဲချိန်ပြည့်သည်အထိ မစ်ဒယ်ဘရော့တို့ ဂိုးမသွင်းနိုင်သဖြင့် လီဗာပူးတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဝီဂန်	၂ - ၀	ဒါဘီ
ပို့စ်မောက်	၁ - ၀	ဆန်းဒါးလန်း
ဖူဟမ်	၀ - ၁	ဝက်စ်ဟမ်း

အင်တာနက်ဖောင်ပိတ် - မောင်မောင်မြင့်ဆွေ

မဟာမကုဋရုံသီ မြတ်မော်တင်ဆံတော်ရှင်

ပုသိမ်လှကြည်

ငပုတောမြို့နယ် မဟာမကုဋရုံသီ မြတ်မော်တင် ဆံတော်ရှင်ကို သပ္ပာယ်စွာဖူးတွေ့ရစဉ်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင်ငပုတောမြို့နယ် ပင်လယ် ကမ်းခြေဦးရှိ သရနတောင်ခေါ် မြတ်မော်တင်တောင် ပေါ်တွင် မဟာမကုဋရုံသီ ဆံတော်ရှင်စေတီတော်မြတ် ကြီး တည်ရှိသည်။ မြတ်မော်တင်တောင်ကိုအစွဲပြု၍ မြတ်မော်တင်စေတီဟု အမည်ထင်ရှားသည်။ ပုသိမ်မြို့မှ ၈၉ မိုင် ကွာဝေးသည်။ ရှင်တော်ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါမှစ၍ ပထမရှေးအကျဆုံး သမိုင်းစတင်ခဲ့သော စေတီကြီးဖြစ်သည်။

ရှင်တော်ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အရုဏ်ဦးအချိန်တွင် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိတော်မူသည်။ ထို့နောက် ဗောဓိမဏ္ဍိုင်ပလ္လင်မှ အစပြု၍ သတ္တ - သတ္တာဟ ခုနစ်ရက်၊ခုနစ်လီ ဈာန်သမာပတ်ဝင်စံတော်မူရာအဆုံး၊ လင်းလွန်းပင်ရင်း၌ စံပယ်တော်မူစဉ် ဥက္ကလာပတိုင်း၊ အတိသဉ္ဇမြို့ခေါ် ပေါက္ခရဝတီမြို့မှ သုဝဏ္ဏသူဌေး ကြီး၏သား ညီနောင်တဖုဿနှင့်ဘလ္လိကတို့သည် မဇ္ဈိမ ဒေသ တစ်ခွင်သို့ ကုန်ရောင်းထွက်ခဲ့စဉ် မြတ်စွာဘုရား ရှင်၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့ကြပြီး ပျားဆုပ် မုန့်ဆွမ်း ကပ်လှူ၍ ဥပါသကာအဖြစ် ခံယူခဲ့ကြ၏။

ထို့နောက် မြတ်စွာဘုရားရှင်က ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ရှစ်ဆူ ပေးသနားတော်မူ၏။ ကုန်သည် ညီနောင်တို့သည်လည်း ဆံတော်ရှစ်ဆူကို ပတ္တမြားရွှေကြုတ်တွင်ထည့်သွင်း၍ ဝမ်းမြောက်ရွှင်မြူး စွာ ပင့်ဆောင်ခဲ့ကြသည်။ မဟာနဂရ အဇ္ဈုတ္တတိုင်းသို့ ဖြတ်သန်း၍ ပြန်ကြသောအခါ မဟာနဂရ အဇ္ဈုတ္တ (ရခိုင်)မင်းက ဆံတော်မြတ်နှစ်ဆူကို အကောက်ခွန် အဖြစ်ပင့်ဆောင်ထားလေသည်။ထိုမှတစ်ဆင့်ကုန်သည် ညီနောင်တို့သည် ခရီးဆက်ကြပြန်ရာတွင် ဇေယျသေန နဂါးမင်းပိုင်စိုးသော နဂရစ်ဝဲအမော်(မော်တင်)အရပ်သို့ ရောက်ရှိကြသည်။ ထိုအရပ်သည်ကား ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ် တည်ရှိရာ သရဏာတောင်အနီး၌ တည်ရှိနေခြင်းကြောင့် ဆံတော်များမှ ရောင်ခြည်တော်များ ကွန့်မြူးလေသည်။

ထိုအခါ ဇေယျသေန နဂါးမင်းသည် ဖရဏာပီတိ ငွမ်းဆီထိသို့ ပီတိသဒ္ဓါကြည်နူးမဝ အခါခါရှိလှသဖြင့် နောင်အရှည် ဖူးမြော်ပူဇော်လိုသော စိတ်ထားဖြင့် စေတီတော် တည်ထားရန်အတွက် ဆံတော်မြတ်နှစ်ဆူကို ခိုးယူပင့်ဆောင် ထားလိုက်လေသည်။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် နေ့ဖြစ်သည်။ ညီနောင်တို့သည်လည်း ကြွင်းကျန်သော ဆံတော်မြတ် လေးဆူကို ဆက်လက်ပင့်ဆောင်ခဲ့ပြန် သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ပေါက္ခရဝတီမြို့သို့ ရောက်ရှိကြသည်။ ထိုအခါတွင် ဥက္ကလာပမင်းကြီးအား ဆံတော်မြတ် လေးဆူကို ဆက်သလိုက်ကြသည်။(ထိုမှ ရွှေတိဂုံစေတီ သမိုင်း စတင်သည်)

နဂရစ်အမော်(မော်တင်)အရပ်တွင် ဇေယျသေန နဂါးမင်းပင့်ဆောင်ထားသော ဆံတော်မြတ်နှစ်ဆူကို နောင်အရှည် လူနတ်ဗြဟ္မာ သတ္တဝါတို့ ဖူးမြော်နိုင်ကြ စေရန် သရဏာတောင်ခေါ် မြတ်မော်တင်တောင်တော် ပေါ်၌ ပင်လယ်မြသားဖြင့် ပြီးအပ်သော စိုင်တမော့ အရွယ်ရှိ စေတီတော်ကို တည်ထားကိုးကွယ်သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ပြီးစီး သည်။ ဇေယျသေန နဂါးမင်း၏ ကြံစည်မှုကို နတ်၊ နဂါး၊ ဆင်ဖြူတော်၊ ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်တို့သည် ညှိနှိုင်း တိုင်ပင်မှုမရှိဘဲ အရပ်လေးမျက်နှာမှတစုတဝေးတည်း ရောက်ရှိကြ၍ တစ်ချိန်တည်းစုပေါင်းကူညီ ပါရမီဖြည့် ကြသည်မှာ ထူးခြား၏သည်ဟု အဆိုရှိကြသည်။

ရှင်တော်ဂေါတမ မြတ်စွာဘုရားသည် ဘုရား ဖြစ်ပြီး ရှစ်ဝါမြောက်တွင် ရဟန္တာနှစ်သောင်းနှင့်အတူ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကောင်းကင်ယံမှကြွစဉ် အခါကလည်း သရဏာတောင်ခေါ် မြတ်မော်တင်တောင် ထိပ်ရှိ ဇေယျသေန နဂါးမင်းတည်ထားသော မဟာ မကုဋရုံသီစေတီသို့ သက်ဆင်း၏။ ရှေးနောင်တော် ဘုရားများ၏ ဓာတ်တော်မွေတော်များ ကိန်းအောင်းရာ အရပ်ဖြစ်ခြင်း၊ အတိတ်ကာလအလောင်းတော်ဘဝများ က ကျင်လည်ကျက်စားရာအရပ် ဖြစ်ခဲ့ခြင်းတို့ကြောင့် လက်ယာရစ်လှည့်ပတ်တော်မူပြီးမှ ကောင်းကင်ယံသို့ ပြန်တက်၍ ခရီးဆက်ကြွတော်မူသည်။

သက္ကရာဇ် ၂၃၉ ခု၊ ဘီစီ ၄၂၂နှစ်တွင် တတိယ သင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီးသည်လည်း ရှင်မဟာမောဂ္ဂလိတိဿမထေရ်နှင့် ရှင်ဥတ္တရမထေရ် မြတ်တို့၏ ဘုန်းတန်ခိုးကြောင့် မောင်းမခွေရံ စစ်သည် ဗိုလ်ပါတို့နှင့်အတူ သရဏာတောင်ပေါ်ရှိ မဟာမကုဋ ရုံသီ ဆံတော်ရှင်စေတီကို ပြုပြင်မွမ်းမံပြီးမှ ဥက္ကလာပ ဒဂုံမြို့ရှိ ရွှေတိဂုံစေတီတော်သို့ ကြွတော်မူသည်။

ထို့နောက် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက် သော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် သက္ကရာဇ် ၄၂၆တွင် နန်းတက်သော ကျန်စစ်မင်းကြီးတို့သည် လည်း အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ ကြွရောက်ခဲ့စဉ်က အပြန်ခရီးတွင် နတ်နဂါးများ ဖြားယောင်းမှုတို့ကြောင့် မော်တင်အငူပေါ်ရှိ မဟာမကုဋရုံသီဆံတော်ရှင် စေတီ တော်အား ဖူးမြော်နိုင်ခဲ့ကြသည်။

သက္ကရာဇ် ၄၅၄-၅၂၉ တွင်နန်းတက်သော ကျန်စစ် မင်းကြီး မြေးဖြစ်သူ အလောင်းစည်သူမင်းကြီးသည် လည်း သီဟိုဠ်ကျွန်း အိန္ဒိယပြည်သို့ ဖောင်စကြာခရီး ဖြင့် တိုင်းခန်းလှည့်လည်ရာမှ မြန်မာနိုင်ငံသို့ အပြန်ခရီး တွင် နဂရစ်အငူ မော်တင်စွန်းထိပ်သို့ ရောက်ရှိသော အခါ ဖောင်တော်မှာ အလိုအလျောက် ရပ်တန့်သွား သည်။ ထိုအခါ မြတ်မော်တင်တောင်ထိပ်ပေါ်ရှိ မဟာ မကုဋရုံသီဆံတော်ရှင်စေတီတော်မှာ အံ့ချီးဖွယ်ရောင်ခြည် တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ရပေသည်။ မင်းကြီးလည်း ဝမ်းမြောက်ပီတိ ရှိတော်မူလှသဖြင့် ခရီးတစ်ထောက် ရပ်နားတော်မူသည်။ သက္ကရာဇ် ၄၅၇ တပေါင်းလပြည့်နေ့တွင် မူလစိုင်တမော့အရွယ်ရှိ စေတီ တော်ကို သာသနာ ၅၀၀၀ ပတ်လုံး အစွန့်ရှည်တည်တံ့ စိမ့်သောငှာ အဝန်းသံတောင် ၄၀၊ အမြင့်သံတောင် ၂၅ရှိ စေတီကြီးအဖြစ် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ် ပါရမီဖြည့်ဆည်း၍ တည်ထားတော်မူလေ သည်။

မဟာမကုဋရုံသီ မြတ်မော်တင် ဆံတော်ရှင်ကို ပင်လယ်ပြင်အလှဖြင့် ဤသို့ ဖူးတွေ့ရသည်။

ထို့ပြင် အလောင်းစည်သူမင်းကြီး၏ ရတနာမျိုးစုံ ခြယ်ထားသော မင်းမြှောက်တန်ဆာ ငါးပါး၊ ဘီလူး မဆက်သသော မဟာသင်္ကန်းနတ်သားကို မာတလိ၊ ဝိသကြုံနတ်တို့က သက်တော်ထင်ရှား မြတ်ဘုရား၏ ပုံတော်အသွင် ထုလုပ်ပေးအပ်ထားသော ရုပ်ပွားတော် တစ်ဆူ၊ သိကြားမင်းဆက်သသော ဘုရားရှင်၏ သရီရ ဓာတ်တော်များကိုပေါင်းစု၍ ဌာပနာပြုပြီး ဖောင်တော်ဦး စေတီကိုပါ တည်တော်မူသည်။ ထို့နောက် ဖောင်တော် အလိုအလျောက် ရပ်တန့်ရာနေရာကိုလည်း အဝန်း သံတောင် ၄၀၊ အမြင့်သံတောင် ၂၅ရှိ ဖောင်တော်ဆိုက် စေတီကိုပါ တည်တော်မူသည်။ တပေါင်းလပြည့်ကျော် ၆ရက်နေ့တွင် ပြီးစီးအောင်မြင်သည်။ ထို့ကြောင့်လည်း နှစ်စဉ်တပေါင်းလပြည့်နေ့ ရောက်ရှိတိုင်း ပွဲတော်ကြီး များ ကျင်းပပြုလုပ်ခဲ့သည်။

မဟာမကုဋရုံသီ ခေါ် မြတ်မော်တင်ဆံတော်ရှင် စေတီကြီး၏ အံ့ဖွယ် ထူးခြားချက်များမှာ ညအခါ စေတီတော်မြတ်ကြီးအား အဓိဋ္ဌာန်ပြု၍ ခုနစ်ပတ် ရစ်ပတ်ပူဇော်ပါက ရွှေသံ၊ ငွေသံကြားရခြင်း၊ အမွှေး နံ့သာပေါင်းစုံ ပျံ့လှိုင်လာခြင်း၊ လပြည့်နေ့ညများတွင် ရောင်ခြည်တော်ကွန့်မြူးခြင်း၊ ယခုတိုင် ဆွမ်းဦး လှူဒါန်းနိုင်မှုမရှိ၊ နတ်နဂါးတို့ကဆွမ်းဦးကပ်လှူမှုရှိ နေခြင်း၊ သစ်ပင်ပန်းမန်တို့သည် ရာသီမဟုတ် ဖူးပွင့် သီးကြခြင်း၊ ပွဲတော်ဖြစ်ခါနီးတွင် ကျီးငှက်တို့အုပ်စု ဖွဲ့၍ စေတီတော်ကြီးအား ဝဲပျံပူဇော်ကြခြင်း၊ နှစ်စဉ် ပွဲတော်ကျင်းပမှုမရှိပါက တောင်တော်မြည်ဟည်းခြင်း၊ မြတ်မော်တင်တောင်ပေါ်ရှိ နတ်ရေကန်သည် ဘုရား ဖူးများ သိန်းသန်းချီ၍ သုံးစွဲပါသော်လည်း ကုန်ခန်းမှု မရှိခြင်း၊ ပွဲတော်ပြီးဆုံးသောအခါ လှိုင်းလုံးကြီးများ သည် မြတ်မော်တင်တောင်သို့ တဝုန်းဝုန်း ပြေးရိုက် ပူဇော်ခြင်း၊ နတ်၊ နဂါး၊ ကျား၊ ဝိဇ္ဇာဓိုရ်များသည် လည်း မည်သူ့ကိုမျှ ရန်မပြုဘဲ ပွဲတော်ပြီးဆုံးသော အခါ လာရောက်ဖူးမြော်ကြခြင်း၊ ဘုရားဖူးများအတွက် အန္တရာယ် တစ်စုံတစ်ရာမရှိ၊ ကျန်းမာ သက်ရှည် လာဘ်လာဘ ပေါကြွယ်ဝစေခြင်းစသည့် ထူးခြား ချက်များ ရှိသည်။

ဤကဲ့သို့ တန်ခိုးကြွယ်သည့် မြတ်မော်တင် ဗုဒ္ဓ ပူဇနီယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း အစဉ် အလာမပျက် ခမ်းနားစွာပူဇော်ခဲ့ကြသည်။

ယခုနှစ်တွင်လည်း ဧရာဝတီတိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏စွမ်းဆောင် မှုဖြင့် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ အထိ ပွဲတော်ရက်များ တိုးချဲ့၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လွယ်ကူစွာ သွားလာနိုင်စေရန်အတွက် ပုသိမ်ဆိပ်ကမ်းမှ ၈၂မိုင် ကွာဝေးသော ငပုတောမြို့နယ် ခမောက်မော် ဆိပ်ကမ်း သို့ ရေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။ ခမောက်မော်မှ တစ်ဆင့် မြတ်မော်တင်တောင်ခြေသို့အရောက် ခရီး သည်တင် ကားများဖြင့် ပြေးဆွဲပေးသည်။ အချို့က ခမောက်မော်မှ ငါးမိုင်ကွာဝေးသောမြတ်မော်တင်တောင် ခြေသို့ ပင်လယ်လေပြည်လေညင်းကိုရှူရှိုက်ရင်းသဲဖြူ မွမွလေးများအပေါ် တပျော်တပါး လမ်းလျှောက်သွား ကြသည်။ ပင်လယ်ခရကောက်ရင်း ကျောက်ဆောင် ကြီးများပေါ်သို့ ပြေးဆော့ခုန်ကျော်ကစားကြသည်။

ထိုမှ လေးမိုင်ခန့်ဝေးကွာသော မြွေတောင်ဘုရားကို ဖူးမြော်နိုင်၏။ မှိုင်းပျပျပင်လယ်ရေပြင်မှ ပြေးလွှား ရိုက်ခတ်လာသော ဖြူဖြူဖွေးဖွေး လှိုင်းလုံးကြီးများကို စီးခိုရင်း ပင်လယ်ရေပြင် အရသာဖြင့် အပန်းဖြေနိုင် ကြသည်။

မြတ်မော်တင် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘေးဥပဒ် အန္တရာယ် တစ်စုံတစ်ရာမရှိ ဇေယျသေန နဂါးမင်း စောင့်ရှောက်ထားသော ပင်လယ်ရေပိုင်နက် ဖြစ်သည် ဟု ဆိုကြ၏။ ထို့ကြောင့် ပွဲတော်ရက်များတွင် လူတိုင်း ချမ်းမြေ့ပျော်ရွှင်စွာ ဖူးမြော်ပူဇော်နိုင်ကြပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ဖဲကြိုးဖြတ် ဖွင့်လှစ်

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊နံ့ရံကပ်စာစောင်၊ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၇ ရက်က အမှတ်(၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်ကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၉ ရက်ကလှိုင်သာယာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (၁၂၉)

ရွှေတိဂုံစေတီတော် အထက်ပစ္စယာမှ အရံစေတီတော်များ ပြန်လည်ရွှေသင်္ကန်းကပ်လှူ ပြင်ဆင်နေသည်ကို ဤသို့ဖူးတွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

ခရစ်နှစ် ၁၃၇၂ ခုနှစ်မှစတင်၍ ဗညား ဦးမင်း၊ ဗညားရန်မင်း၊ ဗညားကျန်းတောမင်း အစရှိသော မင်းအဆက်ဆက်တို့ကလည်းကောင်း ပြုပြင်မွမ်းမံ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။ **ခရစ်နှစ် ၁၄၅၃ ခုနှစ် ဘုရင်မကြီး ရှင်စောပုလက်ထက်တွင် စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၃၀၂ပေ အထိ တိုးချဲ့တည်ဆောက်ခဲ့ပြီး ၁၇၇၄ ခုနှစ် ဆင်ဖြူရှင်မင်းလက်ထက်တွင် လက်ရှိ ဉာဏ်တော်အမြင့် ၃၂၆ပေ တိုင်အောင် မြှင့်တင်ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။**

လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ မုခ်ဦးကြီးလေးခုအား ပြုပြင်မွမ်းမံခြင်း၊ စောင်းတန်းကြီးလေးသွယ်ကို အဆင့်မြင့် ပြုပြင်မွမ်းမံခြင်းတို့ ဖြစ်သည်။ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းကို ၁၉၉၉ခုနှစ်တွင် ပြီးစီး အောင်မြင်သွားခဲ့ပြီးဖြစ်သည်။ ဘုရားဖူး အများဆုံး တက်ရောက်လာကြသည်မှာတောင်ဘက်မုခ်ဖြစ်သည်။ တောင်ဘက်မုခ်၊ ခြင်္သေ့ကြီးနှစ်ကောင်၊ ကိုးဘုံဆင့် ပြာသာဒ်ကြီး၊ မုခ်ဦးငါးဘုံဆင့်ပြာသာဒ်ကြီးတို့အား ပြန်လည်ပြင်ဆင်ဆေးသုတ်ရွှေချခြင်းများကို ၂၀၀၇ခု နိုဝင်ဘာ၁ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ သုံးလနှင့်ပြုပြင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ဆက်လက်၍ ဘုရားဖူးများ ရှောင်တခင်ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအဖြစ် အနောက်ဘက်ရင်ပြင်တော်တွင် ဆေးမှူးတစ်ဦးအပါအဝင် ဆေးပစ္စည်းကိရိယာ အစုံအလင်ဖြင့် ဆေးပေးခန်းတစ်ခုကို ဖွင့်လှစ်ပေးထားကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် ရင်ပြင်တော်ပေါ်တွင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊တံတွေးထွေးခြင်းများမပြုလုပ်ရန် တားမြစ်ပိတ်ပင်ထားရာ အောင်မြင်မှုရှိနေကြောင်း၊ လုံခြုံရေးအတွက် CCTV ကင်မရာများကို မော်တော်ကားဝင်းနှင့် ရင်ပြင်တော်တို့တွင် ထားရှိပြီး အမြဲစောင့်ကြပ် ကြည့်ရှုနေသဖြင့် ဘုရားဖူးများကို လုံခြုံမှုပေးလျက်ရှိကြောင်း၊ စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းဆိုင်ရာများနှင့် ဘုရားဖူးလာ ရဟန်း၊ ရှင်လူအားလုံးတို့အတွက် လိုအပ်သော ကိစ္စအဝဝကို ရွှေတိဂုံစေတီ ဂေါပကအဖွဲ့က ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်အစည်းအဝေးပြုလုပ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့အလင်းသို့ရှင်းပြသည်။

(ရှေ့ဖုံးမှ ဆက်လက်ဖော်ပြချက်၏ နောက်ဆုံးကော်လံ)

၁၂၀ ကုန်ကျသော်လည်း အလှူရှင်များကို ကျပ်ငွေသိန်း ၉၀နှင့်လည်းကောင်း၊ အရံစေတီတစ်ဆူ ပြုပြင်မွမ်းမံစရိတ် ငွေကျပ် ၇၇သိန်း ကုန်ကျသော်လည်း အလှူရှင်များကို ကျပ် ၂၅သိန်းနှင့်လည်းကောင်း ပြုပြင်လှူဒါန်းခွင့်ပြုခဲ့ရာ အလှူရှင်အားလုံး ပေါ်ပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၈ခု မတ်လလယ်တွင်အားလုံးပြုပြင်ပြီးစီးသွားမှာ ဖြစ်ကြောင်း၊ ထာဝရဘက်စုံပြုပြင်မွမ်းမံရေး အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာ့အလင်းသို့ရှင်းလင်းပြောကြားခဲ့သည်။

၂၀၀၇ ခုနှစ်အတွင်း နိုင်ငံခြားသား ၁၃၆၈၉၉ဦး ရွှေတိဂုံစေတီသို့လာရောက်ဖူးမြော်ခဲ့သည်။ ၂၀၀၈ခု ဇန်နဝါရီလတွင် နိုင်ငံခြားသား ၁၄၀၀၁ ဦး လာရောက်ခဲ့ပြီး ထိုင်း၊ ကိုရီးယား၊ တရုတ်၊ ဂျပန်အများဆုံးဖြစ်ပြီး ခရီးသွားလာရေး ကုမ္ပဏီများမှ ဧည့်လမ်းညွှန်များဖြင့် လာရောက်ကြကြောင်း ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ရုံး ငွေကြေးဌာနခွဲ(ပြင်ပ)မှ သိရှိခဲ့ရသည်။ ၂၀၀၈ ခုနှစ် မတ် ၉ရက်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ဦးဆောင်လျက် သွေးလိုအပ်သူများအတွက် သွေးလှူဒါန်းပွဲကြီး ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ထာဝရဘက်စုံ ရွှေတိဂုံစေတီတော်မြင်ကွင်းကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သော ချမ်းသာကြီးသစ်သားတန်ဆောင်းတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံနေသည်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

လေးဆူဓာတ်ပုံ ရွှေတိဂုံ ဘက်စုံမွမ်းမံ ပစ္စယာ ပူဇော်ရွှေသင်္ကန်း

တွေ့ဆုံမေးမြန်း

ရန်ကုန်တိုင်း ဒဂုံမြို့နယ် သိင်္ဂုတ္တရကုန်းတော်တွင် တည်ရှိသော လေးဆူဓာတ်ပုံစေတီတော်ကြီး၏ ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ယနေ့ရွှေတိဂုံ၏မြင်ကွင်းများကို လေ့လာသိရှိနိုင်ရန် ဖေဖော်ဝါရီ ၂၂ရက်က ရွှေတိဂုံစေတီ အချိန်ပြည့် ဂေါပကအဖွဲ့ဝင်ဦးဘရွှေနှင့် ဂေါပကအဖွဲ့အတွင်းရေးမှူးဦးဝင်းကြိုင်(ရုံးအဖွဲ့မှူး)တို့အား မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"တောင်ဘက်စောင်း တန်း တော်ကြီးကို ဒုတိယအကြိမ် ပြုပြင်မွမ်းမံရွှေချခဲ့တာ သုံးလကြာမြင့်ခဲ့ပါတယ်"
ဦးဘရွှေ
အချိန်ပြည့်ဂေါပက
အဖွဲ့ဝင်
ရွှေတိဂုံစေတီတော်

ရွှေရောင်တဝင်းဝင်း

ရွှေတိဂုံစေတီ ဂေါပကအဖွဲ့တွင် ဌာနပေါင်း ကိုးခုရှိပြီး အချိန်ပြည့် ဂေါပကခုနစ်ဦး၊ အချိန်ပိုင်းဂေါပကသုံးဦးတို့ဖြင့် စေတီတော်၏ ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၅ခုဖေဖော်ဝါရီလတွင်နိုင်ငံတော်က ရွှေတိဂုံစေတီတော်ကြီး ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် နာယကအဖွဲ့၊ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီသုံးရပ် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။ အဓိကလုပ်ငန်းကြီးသုံးခုဖြစ်သော ရွှေတိဂုံစေတီတော်ကြီးအား ပြုပြင်ပြင်ဆင် ရွှေချပြီး ယခုအခါ ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ဝင့်ထည်စွာ မြင်တွေ့နေရပြီဖြစ်သည်။

အစားထိုးပြုပြင်

ရွှေတိဂုံစေတီတော် အချိန်ပြည့်ဂေါပကအဖွဲ့ဝင် ဦးဘရွှေက **ရွှေတိဂုံစေတီတော်သည် သက်တမ်းနှစ် ၂၆၀၀ ရှိပြီဖြစ်**သည်ကို သမိုင်းမှတ်တမ်းအရ သိရှိရကြောင်း၊ မျက်ပါးရွှေသက်တမ်းသည် ငါးနှစ်ခန့်သာရှိသဖြင့် စေတီများကို ငါးနှစ်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ရကြောင်း၊ **ယခုအခါ ရင်ပြင်တော်ရှိ အရံစေတီ ၂၁ဆူကို ရွှေသင်္ကန်းကပ်လှူ ပြီးစီးသွားပြီဖြစ်၍ အထက်ပစ္စယာရှိ အရံစေတီ ၆၈ဆူကို မျက်ပါးရွှေသင်္ကန်းများ ပြန်လည်ကပ်လှူပူဇော်လျက်ရှိ**ကြောင်း၊ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်းနှင့် ခုနစ်ရက်သားသမီး တန်ဆောင်းတို့မှာ သစ်သားတန်ဆောင်းများဖြစ်ပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်လာပြီဖြစ်၍ ဆွေးမြည့်ပျက်စီးယိုယွင်းလာရာ အကြီးစားပြင်ဆင်မှုများ ပြုလုပ်နေကြောင်း၊ ဆွေးမြည့်နေသော သစ်သားပန်းဆွဲပန်းတောင်း၊ ပန်းခက်များကို ပြန်သုံး၍ရသည်ကို ရေးမူမပျက်ပြန်လည်သုံးပြီး လုံးဝသုံးမရသည်ကို ပုံစံတူအစားထိုး

ပြုပြင်လှူဒါန်း

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝင်းကြိုင်(ရုံးအဖွဲ့မှူး)က ရွှေတိဂုံစေတီတွင် ရာသီအလိုက် ဗုဒ္ဓပူဇနိယပွဲများ ကျင်းပလျက်ရှိရာ ယခု တပို့တွဲလတွင် လပြည့်နေ့က ဘာသာရေး အနှစ်သာရ ပြည့်ဝသော နှမ်းမနဲပူဇော်ပွဲ(ထမနဲပွဲ)ကို ဂေါပကအဖွဲ့က ဦးဆောင်ပြီး ရွှေတိဂုံစေတီ ဝန်းကျင်မှာရှိသော ဘာသာရေးအသင်းအဖွဲ့များ၊ ဈေးဆိုင်ခန်းမှ ဆိုင်ရှင်များ၊ စေတီ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ စုပေါင်းပါဝင်ပြီး အဖွဲ့ ၅၂ဖွဲ့ နှမ်းမနဲ ၅၂ဒယ်ထိုးပြီး ပြိုင်ပွဲ ပြုလုပ်ပေးခဲ့ကြောင်း၊ ငွေသားဆုများ ချီးမြှင့်ပေးခဲ့ကြောင်း၊ ရွှေတိဂုံစေတီ ရင်ပြင် ချမ်းသာကြီးတန်ဆောင်းတွင် ဘုရားအမှူးပြုပြီး ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ပါး အပါအဝင် သံဃာတော် ၆၃ ပါးကို ထမနဲဆွမ်းကပ်လှူပူဇော်ခဲ့ကြောင်း၊ အချိန်ကာလကြာမြင့်လာ၍ ရွှေရောင်များ မှေးမှိန်လာသော မုခ်ဦးစေတီလေးဆူအပါအဝင် စေတီရံများကို ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီက ဦးဆောင်၍ မျက်ပါးသင်္ကန်းများကပ်ပြီး မွမ်းမံ ပြင်ဆင်နေကြောင်း၊မူလအလှူရှင်ကို ဖိတ်ကြား၍ မပြုပြင်မှသာ အလှူရှင်သစ်များကို ပြုပြင်လှူဒါန်းခွင့်ပြုကြောင်း၊ မုခ်ဦးစေတီတစ်ဆူပြုပြင်မွမ်းမံစရိတ် ကျပ်ငွေသိန်း

"အထက်ပစ္စယာမှ အရံစေတီ ၆၈ ဆူကို ပြန်လည် မွမ်းမံရွှေသင်္ကန်းကပ်တာ မတ်လလယ်မှာပြီးစီးမှာဖြစ်ပါတယ်"
ဦးဝင်းကြိုင်
ဂေါပကအဖွဲ့ အတွင်းရေးမှူး
ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်သည် သက်တမ်းနှစ် ၂၆၀၀ရှိပြီဖြစ်၊ ယခုအခါ ရင်ပြင်တော်ရှိ အရံစေတီ ၂၁ဆူကို ရွှေသင်္ကန်း ကပ်လှူ ပြီးစီးသွားပြီဖြစ်၍ အထက်ပစ္စယာရှိ အရံစေတီ ၆၈ဆူကို မျက်ပါးရွှေသင်္ကန်းများ ပြန်လည် ကပ်လှူပူဇော် လျက်ရှိ။

စာပေဝါသနာရှင်များ အကြိုက်တွေ့စေမည့် အထူးရှားပါးစာအုပ်များ ရောင်းပွဲ၊ ပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လူ့ဘဝမှာစာအုပ်၊ စာပေတွေကရတဲ့အသိဟာ တန်ဖိုးမဖြတ်နိုင်သလို အဲဒီလို ဘဝအသိပေးစာအုပ်တွေကလည်း ရှားပါးလာတာမို့ စာပေဝါသနာရှင်တွေဟာ ဒီလိုစာအုပ်မျိုးတွေတွေ့ရင် မလွတ်တမ်း ဝယ်ယူသိမ်းဆည်းတတ်ကြပါတယ်။

စာပေအနုပညာလွှင်ပြင် - မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

တန်ဖိုးရှိပြီး အသိဉာဏ်အလင်းကို ပွင့်လင်းစေမယ့် ရှားပါးစာအုပ်တွေ ခင်းကျင်းပြသတဲ့ အမြင်သစ်စာပေ တတိယအကြိမ် အထူးရှားပါးစာအုပ် ရောင်းပွဲ၊ ပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ လောကနတ်ခန်းမမှာ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၇ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

“ဒီလို ရှားပါးစာအုပ်တွေ ပြပွဲ၊ ရောင်းပွဲ ပြုလုပ်တာဟာ စာဖတ်ပရိသတ်တွေအတွက် ရှားပါးပြီးတန်ဖိုးရှိတဲ့ ရှေးဟောင်း စာအုပ်တွေကို အလွယ်တကူ မြင်တွေ့ခွင့်ရအောင်နဲ့ ဈေးနှုန်း သက်သက်သာသာ ဝယ်ယူလို့ ရအောင်လို့ စီစဉ်လိုက်တာပါ”လို့ ဒီစာအုပ်ရောင်းပွဲ၊ ပြပွဲကို တာဝန်ယူ ကျင်းပတဲ့ အမြင်သစ်စာပေတိုက်ပိုင်ရှင် ကိုလှမင်းအောင်က ပြောပြပါတယ်။ ဒီစာအုပ် ပြပွဲ၊ ရောင်းပွဲမှာ စုစုပေါင်းစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အရေအတွက် တစ်သိန်းခန့် ခင်းကျင်းပြသထားပြီး စာအုပ်

အသိဉာဏ်အလင်းကို ပွင့်လင်းစေမယ့် ရှားပါးစာအုပ်များကို ဤသို့ ခင်းကျင်းပြသထားသည်။

အမျိုးအစားပေါင်းကလည်းတစ်သောင်းကျော်လောက်ရှိတယ်လို့ ကိုလှမင်းအောင်က ရှင်းပြပါတယ်။

စာအုပ်တွေ ခင်းကျင်းပြသထားတာဟာ လောကနတ်ခန်းမကြီး တစ်ခုလုံး နေရာလွတ်မရှိအောင်ပြည့်လျှံနေပြီး တချို့စာအုပ်တွေကို ကြမ်းပြင်ပေါ် ဒီအတိုင်း ပုံထားတာတွေလည်း မြင်တွေ့ရပါတယ်။ စာအုပ်တွေကို လိုက်ပြီး လေ့လာတဲ့အခါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ဝန်းကျင်က ထုတ်ဝေခဲ့တဲ့ ကမ္ဘာနဲ့ မြန်မာရှားပါးစာအုပ်တွေ၊ လက်ရေးမူတွေ စတဲ့အမျိုးအစားစုံစုံလင်လင် တွေ့ရပါတယ်။

ရှေးဦး မြန်မာဖတ်စာအုပ်တွေဖြစ်တဲ့ ဒေါင်းဖတ်စာ၊ ခြင်္သေ့ဖတ်စာအုပ်တွေ၊ ခေတ်ဟောင်းရှားပါးတဲ့ဂျာနယ်မဂ္ဂဇင်းတွေလည်း ပါဝင်ပါတယ်။

ရှေးဟောင်းစာအုပ်တွေကို အလွယ်တကူ မြင်တွေ့ခွင့်ရအောင် စီစဉ်လိုက်တာပါ။

ကိုလှမင်းအောင်
အမြင်သစ် စာပေတိုက်ပိုင်ရှင်။

၁၉၅၀ ပြည့်နှစ်နဲ့ ၁၉၇၀ ပြည့်နှစ် ကာလအတွင်း ထုတ်ဝေခဲ့တဲ့ ရွှေတူ၊ ရှုထောင့်၊ ဂျာနယ်ကျော် စတဲ့ ဂျာနယ်တွေ ခင်းကျင်းပြသထားသလို မဂ္ဂဇင်းတွေမှာလည်း တာရာ၊ မြဝတီ၊ ငွေတာရီနဲ့ ရှုမဝတို့ရဲ့ အစောဆုံးထုတ် ဂျာနယ်တွေ ပါဝင်ပါတယ်။

ဒါ့အပြင် ၁၉၀၆ ခုနှစ်က ထုတ်ဝေခဲ့တဲ့ တိုင်းရင်းသားဘာသာနဲ့ ပြုစုထားတဲ့ တိုင်းရင်းသားဘာသာ-အင်္ဂလိပ် အဘိဓာန်စာအုပ်တွေ၊ ၁၉၅၈ ခုနှစ်က ထုတ်ဝေခဲ့တဲ့ ဘာသာလောကကျမ်းစာအုပ်တွေလည်း ခင်းကျင်းပြသထားပါတယ်။

ထူးခြားတာက သာလွန်မင်းလက်ထက်က အဇာဂရုပုဏ္ဏား ရေးခဲ့တဲ့ ဇာတာစာအုပ်ကို ဆရာဦးလှတင် (လှသမိန်)က ပြန်လည် တည်းဖြတ်ထားတဲ့ **“ဇာတာတော်ပုံရာဇဝင်”**စာအုပ်ပဲ ဖြစ်ပါတယ်။ ဇာတာပုံတွေကို ဖော်ပြထားပြီး အနုစိတ်တင်ပြထားတဲ့ စာအုပ်ဖြစ်တာမို့ ဝါသနာရှင်တွေအတွက် လေ့လာသင့်တဲ့ ရှားပါးစာအုပ် ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာသက္ကရာဇ် ၁၂၄၃ခုနှစ်က ထုတ်ဝေခဲ့တဲ့ **“မဏိရတနာပုံကျမ်း”**၊ စန္ဒာခင် ပြုစုထားတဲ့ **“နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ”** စာအုပ်တွေကို မြည်းစမ်းကြည့်တဲ့အခါ မိမိလူမျိုးရဲ့ သမိုင်းကြောင်းကို သိရှိရတဲ့အတွက် အမျိုးဂုဏ်ကို သိရှိလိုက်ရသလို ခံစားရပါတယ်။

အမြင်သစ်စာပေ စာအုပ်ပြပွဲ အခင်းအကျင်း။

စာအုပ်အမျိုးအစားတွေ စုံလင်များပြားတဲ့အပြင် စာအုပ်အမျိုးအစားအလိုက် ဈေးနှုန်းတွေ ၁၀ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချရောင်းပေးနေတာမို့ စာပေဝါသနာအိုးတွေအတွက် စာပေသတင်းကောင်း ဖြန့်ဝေပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)



ဇာတာတော်ပုံ စာအုပ်

ဆရာ ဦးလှတင်(လှသမိန်)ပြန်လည် တည်းဖြတ်ထားသော ဇာတာတော်ပုံ ရာဇာဝင် ရှားပါး စာအုပ် မျက်နှာဖုံး။



မြန်မာ့ ယဉ်ကျေးမှု အနုပညာများအကြောင်းကို ဖော်ပြထားသည့် နံရံပန်းချီမှ ပြောသော ပုဂံခေတ် ပုံရိပ်များ စာအုပ်ကို ဤသို့တွေ့ရသည်။

ဒီလို ရှားပါးစာအုပ်တွေ ပြပွဲ၊ ရောင်းပွဲ ပြုလုပ်တာဟာ စာဖတ်ပရိသတ်တွေအတွက် ရှားပါးပြီး တန်ဖိုးရှိတဲ့ရှေးဟောင်းစာအုပ်တွေကို အလွယ်တကူ မြင်တွေ့ခွင့်ရအောင်နဲ့ ဈေးနှုန်း သက်သက်သာသာ ဝယ်ယူလို့ရအောင်လို့ စီစဉ်လိုက်တာပါ။

ဣန္ဒာသယ ပြည်လုံးချမ်းသာ နန်းဦးစေတီတော်တည်ထားရန် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာ (အတွင်းတောင်ကိုးလုံးတောင်တော်)တွင် ဣန္ဒာသယ ပြည်လုံးချမ်းသာ နန်းဦးစေတီတော်တည်ထားရန် နန်းဦး ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၊ တည်ဆောက်ရေးအကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဇာဂရ ဓမ္မကထိက၊ဗဟုဇနဟိတရေ ပိဋကတ္တရပါရဂူ MA မဟာဝိဇ္ဇာ (India)တို့က ဦးစီး၍ အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ၂၁ရက် (၁၃၆၉ခု တပို့တွဲလပြည့်နေ့)တွင် ကျင်းပခဲ့သည်။ ဘုရားတည်ရန် မြေလေးဧကကို ဆရာမဒေါ်မေစီခိုင် မိသားစုက လှူဒါန်းပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပထမအရစ်အနေဖြင့် ဦးတင်ဝင်း-ဒေါ်စန်းမြင့်(ကုဋေကုဋာပရိဘောဂတိုက်၊ တာမွေ)က ငွေကျပ်၁၅သိန်း၊ ဦးမောင်ရင်၊ အဆိုတော်မိုင်၊ သမီး ဗီဒီယိုသရုပ်ဆောင်နှင့် အဆိုတော် ရတနာမိုင်တို့က ငွေကျပ်၁၃သိန်း၊ဦးမောင်မောင်ခင်-ဒေါ်ရီ ၁၅၃လမ်း တာမွေက ငွေကျပ်ငါးသိန်းလေးသောင်း၊ဦးမောင်လုံး(မောင်လုံးစတိုး၊တာမွေ)က ရွှေထီးတော်ကြီးနှင့် အခြားခုနစ်ရက်သားသမီးတို့က အလှူငွေများ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းလိုသူများသည် အရံစေတီငယ်တစ်ဆူ ငွေကျပ် ၁၀သိန်း၊ စိန်ဖူးတော်တစ်ဆူ ငွေကျပ်ငါးသိန်း၊ ငှက်မြတ်နားတစ်ဆူ ငွေကျပ်ငါးသိန်း၊ သံချောင်းတစ်တန် ငွေကျပ်ခြောက်သိန်း စသည်ဖြင့် လှူဒါန်းနိုင်ပြီး နာယကဆရာတော်နှင့်ဦးလှအေး(ဥက္ကဋ္ဌ) ဖုန်း-၇၂၆၂၆၉၊ ဦးတင်ဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁- ၉၁၉၆၁၊ ဦးမောင်ရင်(အတွင်းရေးမှူး)၊ မိုင်၊ ရတနာမိုင် ဖုန်း-၀၉-၅၁-၉၃၁၃၅၊ ၀၉-၅၀-၀၄၄၀၂၊ ဦးမောင်လုံး ဖုန်း-၀၉၉-၂၈၉၃၃၊ ၅၄၈၄၇၅၊ ၅၄၉၆၉၄နှင့်ဒေါ်မေစီခိုင် ဖုန်း-၅၄၃၀၇၇တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကုသိုလ်စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဒေါ်ယုစန္ဒာ မဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူနယ်လှည့်သာသနာပြု ဓမ္မကထိက၏ တပည့်များတည်သော ရွှေပြည်သာမြို့ သံဒင်း အမှတ် (၂၀)ရပ်ကွက်ရှိ ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်၌ ဓမ္မရောင်ခြည် တရားအလှူတော် ဗုဒ္ဓဓမ္မစာကြည့်တိုက်ကို ဆရာတော် အရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာ) **၏ မတည်ငွေကျပ်လေးသိန်းဖြင့် စတင်ဆောက်လုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၁၆၇၇၆၊ ၀၉-၅၁-၃၀၈၁၈၊ ၀၁- ၆၁၁၄၃၇၊ ၀၁-၆၁၁၄၉၇တို့သို့ ဆက်သွယ်စုံစမ်း ကမ္ဗည်းထိုးလှူဒါန်းနိုင်သည်။** (က-ပ)

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈ (Myanmar Furniture Fair 2008)နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၁ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ (ပြည်ပရောင်း) ဦးထူးအောင်က ပြပွဲတွင် ခင်းကျင်းပြသမည့် ပြည်တွင်း လုပ်ငန်းရှင်များ၏ ပရိဘောဂ ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ်၃ရက်မှ ၇ရက်အထိ နေ့စဉ်နံနက်၁၀နာရီမှ ညနေ၄နာရီအထိ ကျင်းပမည်ဖြစ်ပြီး အတွင်းပြခန်း ၁၅၄ခန်းနှင့် အပြင်ပြခန်း၁၂ခန်းတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များက ပရိဘောဂများ၊ အထပ်သား၊ ကြမ်းခင်းစသည့် သစ်အခြေခံထုတ်ကုန်များ၊ သစ်အချောကိုင်ဆေး၊ ကော်နှင့်ဆက်စပ်ပစ္စည်းများ၊ သစ်လုပ်ငန်းသုံးယာဉ်နှင့် စက်အပိုပစ္စည်းများ၊ သစ်တောထိန်းသိမ်းမှုဆိုင်ရာ ပညာပေးပြခန်းများကိုပါ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ထားဝယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထားဝယ်အသင်း၏ (၈၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူဘွဲ့ ရရှိသူများ ဂုဏ်ပြုပွဲနှင့် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို မတ် ၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် မင်္ဂလာဈေးရှေ့နှင့် ရေခဲဆိုင်မှတ်တိုင်အနီးတွင် ကားကြိုပို့စီစဉ်ထားကြောင်း သိရသည်။

(က-ပ)

တာချီလိတ်မြို့ ရွှေဝါနဒီလမ်း ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ရွှေဝါနဒီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၇နာရီက အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးဗိုလ်ချုပ် မင်းအောင်လှိုင်က လမ်းသစ်မုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အကုန်အကျခံဆောင်ရွက်

ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေဝါနဒီ ကတ္တရာလမ်းသစ်မှာ အလျားပေ ၇၀၀၊ အနံ ၁၂ပေ၊ ထု ခုနစ်လက်မရှိပြီး စုစုပေါင်း ငွေကျပ် ၃၅၈၉၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၁၆)**

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆွာချောင်းတံတား စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၉၉) ဆွာချောင်းတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆွာချောင်းတံတားမှာ သံကူ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၂၇၀ရှိ၍ ယာဉ်သွားလမ်း အကျယ် ၄၈ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိကာ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ဖေဖော်ဝါရီ ၂၁ရက် နံနက်၈နာရီက နေပြည်တော်ပျဉ်းမနားရှိ နယ်မြေခံတပ်ရင်း တိုင်းအောင်ခန်းမ၌ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် တိုင်းမှူးသည် အရာရှိ၊ အရာခံများ စစ်သည်တော်ကျင့်ဝတ်ရေးဖြေ ဖြေဆိုနေမှုနှင့် အကြပ်စစ်သည်များ စစ်သည်တော်ကျင့်ဝတ် နှုတ်ဖြေဖြေဆိုနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝင်ရောက်ယှဉ်ပြိုင်

ယနေ့ကျင်းပသော စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန(စခန်းမှူးရုံး)မှ အရာရှိသုံးဦး၊ စစ်သည် ၁၂ဦးနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ ၁၂ဦး၊ စစ်သည် ၃၃ဦး စုစုပေါင်း အရာရှိ၊စစ်သည် ၆၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၈နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအလယ်ပစ္စယာ အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပရာ သက်ကြီး ၅၃ဦးတို့အား အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ပူဇော်ကန်တော့ကြပြီး ကန်တော့လက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသော အသင်းသူ၊ အသင်းသားများ၏ သားသမီးများအား အသင်းဥက္ကဋ္ဌ ဦးကျင်တီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေးကျင်းပရာ အသင်းဥက္ကဋ္ဌ(အသစ်)အဖြစ် ဦးကျင်တီအား ရွေးချယ်ကြောင်းသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၂ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားကွင်းအဝင် မြို့ပြ ကတ္တရာလမ်းနှင့် ရတနာဒီပ မြို့ပြကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားတွင် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်အား ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက အထိမ်းအမှတ် အလံငယ်ပေးအပ်စဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ဖွင့်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်၌ ယုဇနလူငယ်များ ဦးစီးသည့် ယုဇနကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးညီညီလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးရန်လှိုင်နှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီနာယက ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ဦးတင်ထွန်းဇော်၊ ဒေါ်မြတ်မိုးဝင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိုင်းမင်းဟန်၊ မစန္ဒာဝင်း မောင်နှမက ငွေကျပ် သုံးသောင်း၊ ဦးကျော်မြင့်က ငွေကျပ်သုံးသောင်း၊ ရန်ကုန်ကျောင်းဆရာတော် ဦးကဝိဇေက ငွေကျပ်တစ်သောင်းနှင့် ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ အလူမီနီယံ မှန်ဗီရိုတစ်လုံး၊ ဦးစံရှိန်-ဒေါ်အေးအေးမြင့်က သုတစာအုပ် ၂၀၅၀၊ ဦးအောင်နီက သုတစာအုပ် ၆၀၀၊ ဦးမျိုးညီက စာအုပ် ၃၀၀ကို အသီးသီးလှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

အမက(၁၂) စမ်းချောင်း၏ စုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အဆင့် ဘက်စုံ၊ စာပေထူးချွန် ပထမ၊ ကျောင်းလုပ်ငန်း ဒုတိယနှင့် ဘာသာရပ်လေးဘာသာတွင် ထူးချွန်ဆုရ စတုတ္ထတန်းမှ မစုမြတ်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေးက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

လမ်းမတော် ဗဟိုစည်အထူးကုဆေးခန်းသို့ တစ်လသားအရွယ် မိန်းကလေးငယ်တစ်ဦးအား လာရောက်စွန့်ပစ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လမ်းမတော်မြို့နယ် ၁၀ရပ်ကွက် ဗဟိုလမ်းရှိ ဗဟိုစည်အထူးကုဆေးခန်း သန့်ရှင်းရေးအလုပ်သမားများအဆောင်သို့ ဖေဖော်ဝါရီ၂၀ရက် မွန်းလွဲ ၁နာရီခန့်က အသက်၃၀ခန့်ရှိ မြန်မာအမျိုးသမီးတစ်ဦးရောက်ရှိလာပြီး အနီးဖြင့်ထုပ်ထားသည့် တစ်လသားအရွယ် မိန်းကလေးငယ်တစ်ဦးကို ခေတ္တကြည့်ရှုပေးရန် သန့်ရှင်းရေးအလုပ်သမားများထံ ပြောဆိုထားရှိပြီး ထွက်ခွာသွားသည်။

အဆိုပါအမျိုးသမီးမှာ ယင်းနေ့ညပိုင်းအထိ ပြန်ရောက်လာခြင်းမရှိသောကြောင့် ကလေးအား စစ်ဆေးရာ အနီးထုပ်အတွင်းမှ ကလေးအသုံးအဆောင်ပစ္စည်းအချို့နှင့်အတူ မိခင်မှာ ရေဝတီတိုင်းတွင် နေထိုင်သူဖြစ်ပြီး ကလေးသုံးဦးရှိကာ ဖခင်သေဆုံးသွားသဖြင့် ဆက်လက်ကျွေးမွေးနိုင်ခြင်းမရှိ၍ လာရောက်စွန့်ပစ်ခြင်းဖြစ်ကြောင်းဖြင့် ရေးသားထားသည့် စာတစ်စောင်ကိုသာ တွေ့ရှိရသည်။ အဆိုပါစွန့်ပစ်ခံရသည့် ကလေးငယ်အား ဗဟိုစည်အထူးကုဆေးခန်း ဝန်ထမ်းများမှ ဆက်လက်ကြည့်ရှုထားကြောင်း သိရသည်။ (သတင်းစဉ်)

ခရီးသည်တင်ယာဉ်တစ်စီး နောက်ပြန်လိမ့်ကျတိမ်းမှောက် ခရီးသည် ၂၃ဦး ထိခိုက်ဒဏ်ရာရ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နေပြည်တော်လယ်ဝေး သဲဖြူဆည်သို့သွားရာလမ်း၌ ဖေဖော်ဝါရီ ၂၀ရက် ညနေ ၃နာရီက နေပြည်တော်လယ်ဝေး ကြို့ကုန်းကျေးရွာနေ ကျော်ညွှန့်(၄၀နှစ်)(ဘ) ဦးကုလားမောင်းနှင်သည့် ဒိုင်နာအမျိုးအစား ယာဉ်အမှတ် လ/၁၂၀၇သည် ခရီးသည်များတင်ဆောင်၍ သပြေပင်ကျေးရွာဘက်မှ ရေပြာကျေးရွာဘက်သို့မောင်းနှင်လာစဉ် စစ်စီးတောင်အတက်လမ်းတွင် ယာဉ်နောက်ပြန်လိမ့်ကာ သဲဖြူဆည်လက်တံမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် ဦးစိန်အောင်(၅၀နှစ်)(အောင်သာရွာ၊ နေပြည်တော်လယ်ဝေး)ပါ ခရီးသည် ၂၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာပြင်းထန်သည့် ဦးစိန်အောင်ပါ ကိုးဦးအား နေပြည်တော်ခုတင်(၃၀၀)ဆေးရုံ၌ လည်းကောင်း၊ ခရီးသည် ခြောက်ဦးအား နေပြည်တော် လယ်ဝေးဆေးရုံ၌ လည်းကောင်း အတွင်းလူနာအဖြစ် ဆေးကုသပေးလျက်ရှိကာ ကျန်ဒဏ်ရာရသူများအား ပြင်ပလူနာအဖြစ် ဆေးဝါးကုသပေးကြောင်း သိရသည်။

ယာဉ်မောင်း ကျော်ညွှန့်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းအပေါ် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်းများ

ညောင်တုန်း၌ မီးကြွင်းမီးကျန်မှမီးလောင် နေအိမ် ၁၈လုံး မီးလောင်ဆုံးရှုံး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ပတုတ်ကျေးရွာနေ ရေလုပ်သားဦးသောင်းခင်(၃၁နှစ်)(ဘ) ဦးထွန်းကြည်၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၁နာရီ ၂၅မိနစ်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သစ်အိမ်လေးလုံး၊ ဝါးအိမ် ၁၄လုံး မီးလောင်ကျွမ်းခံရပြီး ဦးသောင်းခင်၏သမီး မစုဘိုဘိုဦး တစ်နှစ်လေးလမှာ ကျော၊ တင်ပါး၊ခြေထောက်တို့တွင် မီးလောင်ဒဏ်ရာရရှိ၍ ဆားမလောက်ကျေးရွာရှိ တောင်သူလယ်သမားဆေးရုံသို့ တင်ပို့ထားရကြောင်းသိရသည်။ မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၈စုမှ ကျား ၅၄ဦး၊ မ၄၄ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ညောင်တုန်းရဲစခန်းမှ ဦးသောင်းခင်အား ဥပဒေနှင့်အညီ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုသိမ်မြို့၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်

ပုသိမ် ဖေဖော်ဝါရီ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ ကန်သာယာကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်စန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်၍ ပစ္စည်းအမျိုးပေါင်း ၂၄၅မျိုးကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(က–ပ)**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့ လေးရာပြည့်လမ်းနှင့် ဝန်ထမ်းကွက်သစ်လမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၉ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေနှင့် အမှုဆောင်အရာရှိ ဦးဇော်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြောင်းမြမြို့ ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၁၂

မြောင်းမြ ကွယ်လွယ်ကျေးရွာ ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးပြိုးချို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် ကျေးရွာကိုယ်စားလှယ် ဦးနေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၁၆၀)**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာအုပ်စာစောင်များတိုးပွားရေး မအူပင်၌ဆွေးနွေး

မအူပင် ဖေဖော်ဝါရီ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲတင့်၊ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း လိုက်ပါလျက် ဖေဖော်ဝါရီ ၄ ရက် နံနက်က မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ ရောက်ရှိလာပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆက်လက်စည်းရုံးဆောင်ရွက်ရန် မှာကြားသည်။ (အောက်ပုံ)

ဆက်လက်၍ ဖေဖော်ဝါရီ ၅ရက် နံနက်က မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်မာမြင့်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး မအူပင်မြို့နယ်အတွင်းရှိ ထနီးကျေးရွာ ရွာ့အလင်းရောင် စာကြည့်တိုက်၊ ကျောင်းရွာ ကျေးရွာ အလင်းတန်း စာကြည့်တိုက်နှင့် မရမ်းကွေ့ အနောက်ကျေးရွာ ဓမ္မအလင်းတန်း စာကြည့်တိုက်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာအုပ်၊ စာစောင်များ တိုးပွားရေး၊ အသင်းဝင် အင်အားတိုးပွားရေး ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

နှမ်းစပါးနှင့်နှမ်းနှမ်း စိုက်ပျိုးထုတ်လုပ်မှု လျာထားချက်ကျော်လွန်ရေး ညှိနှိုင်း

ကန့်ဘလူ ဖေဖော်ဝါရီ ၆

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု စွမ်းအားစီမံကိန်း ရည်မှန်းချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်းရေး၊ နှမ်းစပါးနှင့်နှမ်းနှမ်း စိုက်ပျိုးထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီက ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနတာဝန်ခံများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများတက်ရောက်ကြပြီး မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က နှမ်းစပါးနှင့်နှမ်းနှမ်း စိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရရှိရေး၊ ဆည်မြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ရေအလေအလွင့်မရှိစေရေး၊ စိုက်ပျိုးသူ တောင်သူလယ်သမားများ၏ အခက်အခဲ ကူညီဖြေရှင်းနိုင်ရန် တာဝန်ကျ ဝန်ထမ်းများက စိုက်ကွင်းများ၌ အချိန်ပြည့်ရှိနေစေရေးတို့ကို မှာကြားသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နှမ်းစပါး ဧက၂၄၅၀၀နှင့် နှမ်းနှမ်းဧက ၁၀၀၀စိုက်ပျိုးရန် စီမံကိန်း ချမှတ်ဆောင်ရွက်နေကြောင်း သိရပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့များက အချိန်ပြည့် ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

(၀၂၇)

မြင်းမူမြို့၌ ကတ္တရာခင်းရန် ကျောက်များစုဆောင်း

မြင်းမူ ဖေဖော်ဝါရီ ၈

မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်ရေး စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် အမှတ် (၁၁+၁၂)လမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ဇန်နဝါရီ ၁၀ရက်က ကျောက်များစုဆောင်းထားရှိမှုနှင့် လုပ်ငန်းစတင်ဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝေါမြို့၌ ထူးချွန်ကျောင်းသားများ ဆုချီးမြှင့်

ဝေါ ဇန်နဝါရီ ၃၀

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူများနှင့် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်ဆုရကျောင်းသားကျောင်းသူများအား ဝေါမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က အထက(ဝေါ)ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်နုက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးစိုးတင့်က ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက္ကသိုလ်ဝင်တန်းအောင်ချက် ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းများ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မလှိုင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့သစ်ကျောင်း ကတ္တရာလမ်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(တိုင်းစည်ပင်)

ကြက်ငှက်တုပ်ကွေး အသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သား ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၅

ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Care Myanmar တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပြည်သူလူထုအသိပညာ မြှင့်တင်ရေး၊ ဖွံ့ဖြိုးရေးလုပ်သားဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့ ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့ အထွေထွေအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်နှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းတို့က ကြက်ငှက်တုပ်ကွေး ရောဂါအကြောင်း ရှင်းလင်းဆွေးနွေးပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာလှမြင့်အေးက ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ပြည်သူများ အသိပညာမြှင့်တင်ရေး၊ ဖွံ့ဖြိုးရေးကိစ္စရပ်များ ပို့ချဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ မွေးမြူရေး သင်တန်းသားများ၊ ကြက်မွေးမြူသူ လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိ စာသင်တိုက်၌ ဆောက်လုပ်လျက်ရှိသော နှစ်ထပ်သာသနာ့ဗိမာန်တော်ကြီးတွင် လျှပ်စစ်မီးသွယ်တန်းရန်နှင့် အထွေထွေလုပ်ငန်းအတွက် ပရဆေးကုန်သည် အဖဦးဘိုးသုန်-အမိဒေါ်သီလှနှင့် အစ်ကိုကြီးဦးလှသန်းတို့အားရည်စူး၍ အမှတ် ၁၃ ဝါးခယ်မလမ်း စမ်းချောင်းမြို့နယ်နေ သမီး ဒေါ်သန်းရင်၊ ဒေါ်ခင်သန်းတင်၊ ဒေါ်ညိုညိုမြင့်နှင့် သမီး မဆွေသီအောင်တို့က အလှူငွေကျပ် ၁၅ သိန်းကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တမစာရ ကိုယ်စား တိုက်အုပ်ဆရာတော်ဦးသံဝရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆံတော်ရှင်ဦးဇိနစေတီပရိဝုဏ် ပြုပြင်ရန် လှူဒါန်းနိုင်

မော်လမြိုင် ဖေဖော်ဝါရီ ၂၀

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုလုပ်ငန်းများ အမြန်ဆုံးပြီးမြောက်ရေးအတွက် ရပ်ဝေးရပ်နီးရှိစေတနာရှင်များ၊ အလှူရှင်များက ဆက်သွယ်လှူဒါန်းနိုင်ရန် တည်ဆောက်ပြုပြင်ကျင်းပရေးကော်မတီ ဦးစီးနာယက ဦးစိန်မြင့် (တိုင်းရောင်းဝယ်ရေး အရာရှိ၊ မွန်ပြည်နယ်)၊ အတွင်းရေးမှူး ဦးလှတင် ဖုန်း-၀၅၇-၂၁၉၃၆၊ ဘုရားရုံး ဖုန်း-၀၅၇-၂၆၄၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် မွေးနေ့ကောင်းမှုအဖြစ် ငွေကျပ်တစ်သိန်းကို တောင်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သစ္စာဥယျာဉ်အိမ်ရာနေ ဦးလှထွန်း-ဒေါ်လှိုင်သက်ထား မိသားစုက ဦးလှထွန်း (မွေးနေ့ အထိမ်းအမှတ်) လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (၁၁၇)

ဓမ္မာစရိယနှင့် သာမဏေကျော် စာလျှောက်မေးပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၂

မုံရွာမြို့ ကျက်သရေဆောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့နှင့် ပိဋကတ်စာကြည့်တိုက်အဖွဲ့တို့ ဦးစီးကျင်းပသော ၁၃၆၉ ခုနှစ် ပိဋကာလင်္ကာရ ဓမ္မာစရိယနှင့် ပိဋကာလင်္ကာရ သာမဏေကျော် စာလျှောက်မေးပွဲကြီး၏ ဓမ္မာစရိယနှုတ်ထောက်အာဂုံ စာလျှောက်မေးပွဲကြီးကို ဇန်နဝါရီ ၂၈ရက် မွန်းတည့် ၁၂နာရီက ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်ပေါ်ရှိ ဘောဂရုံသိမ်မှာရုံကြီး၌ ကျင်းပရာ ပိဋကာလင်္ကာရ ဓမ္မာစရိယ ၄၈ပါး၊ ပိဋကာလင်္ကာရ သာမဏေကျော် ပထမဆင့် ၃၉၄ ပါး၊ ဒုတိယဆင့် ၁၄၂ပါးနှင့် တတိယဆင့် ၁၄ပါးတို့ ဖြေဆိုကြသည်။ **(၃၂၃)**

သန်လျင်မြို့ နန်းဦးအောင်ဇမ္ဗူအေး သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ၏ သက်တော်(၆၁)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ ဆရာတော်ထံ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဌေးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

မြို့နယ် သတင်းများ

သာဝတ္ထိအထက ကျောင်း၌ မြတ်ဆရာပူဇော်

နေပြည်တော်လယ်ဝေး ဇန်နဝါရီ ၂၆

နေပြည်တော်လယ်ဝေး သာဝတ္ထိ အခြေခံပညာအထက်တန်းကျောင်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉နာရီက အဆိုပါကျောင်းမြက်ခင်းပြင်၌ ကျင်းပသည်။

ဆုံးမသြဝါဒ

ရှေးဦးစွာ ကန်တော့ခံဆရာကြီး ဦးမြင့်လွင်၊ ဦးမျိုးမြင့်၊ ဦးဘဆိုင်၊ ဦးအေးမောင်၊ ဦးတင်ဦးနှင့် ဦးခင်ဇော်တို့က ဆုံးမသြဝါဒစကားများပြောကြားပြီး ကျောင်းသားဟောင်း ကိုအုန်းလွင်နှင့် ဒေါက်တာ သန်းဇော်ဝင်းတို့က မြတ်ဆရာ ပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ပူဇော်ကန်တော့

ထို့နောက် သာဝတ္ထိအလက၊ တွဲဖက်အထကနှင့် အထကတို့တွင် ပညာသင်ကြားပေးခဲ့ကြသည့်ဆရာကြီး ဆရာမကြီး ၈၃ ဦးတို့အား ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြပြီး ကျောင်းသားဟောင်း ကိုညွန့်ဝင်းက ကန်တော့ချိုးကိုဖတ်ကြား၍ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ **(၀၈၃)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်း တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မိုးညှင်းတိုက်သစ် ဆရာတော်ကြီးအား အမှူးထားလျက် ဦးကျင်မောင်-ဒေါ်မြကျင်၊ ဦးမြဦး-ဒေါ်အေးမိတို့အား ရည်စူး၍ ဦးငြိမ်းအေး-ဒေါ်ဌေးရီမိသားစု အမှတ် ၅၈၄ လမ်း ၂၀ ၁၀ ရပ်ကွက် တောင်ဥက္ကလာပက အလှူငွေကျပ် ၁၅၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်
၂၅-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာဖြေကြားလွှာ)
၁၁:၄၀ သုတစုံစွာသိမှတ်စရာ (တစ်နာရီမိုင် ၁၀၀၀၀ နှုန်းနဲ့ ပျံမယ့်လေယာဉ်အကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ တေးသွားလှလှမဟာဂီတ
(၁) နွဲ့ယိမ်းယိုင်ပတ်ပျိုး (သင်းသင်းမြတ်)
(၂) ပန်းသလားမေပျိုယိုးဒယား သံဆန်း (သန်လျင်မြင့်စိုးအောင်)
(၃) ဝေဇယန္တာယိုးဒယား (ရွှေကူးတင်တင်ရီ)
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီမြန်မာစာတတ်ကျွမ်းမှု) (မြန်မာစာပေသမိုင်း)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) လုပသာယာပျို့ကျေးရွာ (မေရွက်ဝါ)
(၂) လယ်သူမလေးထားမေ (ရဲဘော်စိုးနိုင်)
(၃) ကျေးလက်အလှပန်းချီ (ကြည်ဖြူသန့်-ဆေး-၁)
၁၆:၂၀ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (ရုပဗေဒ)
၁၇:၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (စာရေးဆရာ ဂီတစာဆို ပျဉ်းမနားမြင့်လှိုင်နှင့် ဆွေးနွေးခန်း)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သူ့ကိုချစ်၍ ခွဲရပါသည် (ကိုသန်းလှိုင်)
(၂) ကမ္ဘာခြားသည့် အနီးဆုံးနှလုံးသား (နှင်းရည်သန့်)
(၃) ဝေးပြီ (စန္ဒရားလှထွတ်)

ပဲကြီးဖြတ်ပွဲလှစ်

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တောင်ဘို့လှကျေးရွာအုပ်စု တောင်ဘို့လှကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အမှုဆောင်အရာရှိ ဦးဝင်းမော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၀၆၄)

ဘုတ်ပြင်းမြို့၌ မြေသားလမ်းဖောက်ရန် တိုင်းတာဆောင်ရွက်

ဘုတ်ပြင်း ဖေဖော်ဝါရီ ၉

ဘုတ်ပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်မည့် ကျေးလက်ထောင်စုံမဟတ်မြေသားလမ်း အရှည်ပေ ၆၁၈၀၀၊ အကျယ်ပေ ၂၀ ကို ဇန်နဝါရီ ၁၃ ရက်က ဘုတ်ပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇမ္ဗူရာဇ်ထွန်းနှင့် ထောင်စုံမဟတ် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်(ခ) ဦးနောင်အွန်တို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်မှုများ ပြုလုပ်ကြကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

ပဲခူးမြို့ ရွှေတန်ရှာအဝင် အုတ်ခုံသစ်သားတံတား တည်ဆောက်မှုကို ဒီဇင်ဘာ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ခရာဝါနှင့် စက္ကူပန်းပျိုးပင်များ ထပ်မံပျိုးထောင်ထားရှိမှုကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိဦးမျိုးကြည် ကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စက်မှုဇုန်ကုန်ထုတ်စွမ်းအားများ မြင့်မားရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၆ ❐

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါး အညွှန်း

❐ ဗဟုသုတများလိုက်ပုံက.... — ဘ၀အမောပြေ စာ-၄

❐ ဝင်္ကြေးတုံ့တင် ရှုပါလျှင်လည်း.... — ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ-၅

❐ မွန်ဂိုးလီးယားသမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ-၇

❐ စာပေဝါသနာရှင်များ အကြိုက်တွေ့စေမည့် အထူးရှားပါးစာအုပ်များ ရောင်းပွဲ၊ ပြပွဲ — မိုးမြင့်လင်းလက်၏ စာပေအနုပညာလွင်ပြင် စာ-၁၂

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

24-2 (20) 1 2/24/08, 2:12 AM